ပုဗ္ဗေစ ကတပုညတာ ဧတံ မင်္ဂလ မုတ္တမံ၊ ရှေးကောင်းမှုကံရှိခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ တနင်္လာနေ့၊ အတွဲ(၄၁)၊ အမှတ်(၁၀၄)

ဂေါက်သီးရိုက်ယှဉ်ပြိုင်မှု ကြည့်ရှုအားပေး

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဂေါက်သီးရိုက်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။ (ယာပုံနှင့် အောက်ပုံ) (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၀ ရက် နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဂေါက်ကွင်း၌ စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၁၀ နာရီတွင် တပ်မတော်ဂေါက်ကွင်းသို့ ရောက်ရှိလာပြီး ဂေါက်သီးရိုက်ယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

တက်ရောက်

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နံနက် ၆ နာရီခွဲတွင် တပ်မတော်ဂေါက်ကွင်း၌ စတင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)အသင်း၊ တိုင်းစစ်ဌာနချုပ်အသင်းများနှင့် ***စာမျက်နှာ ၂၀ ကော်လံ ၁*** ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်)

ဒေသနေပြည်သူများ လူနေမှုအဆင့်မြင့်မားလာရေး စိတ်တူကိုယ်တူပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်ချက် ၁၂ ရပ်ချမှတ်၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် မြို့နယ်များဖွံ့ဖြိုးတိုးတက်မှ ပြည်နယ်၊ တိုင်းများ ဖွံ့ဖြိုးလာမည်ဖြစ်သကဲ့သို့ နိုင်ငံတော်ကြီးတစ်ခုလုံးလည်း တိုးတက်စည်ပင်ဖွံ့ဖြိုးလာမည်ဖြစ်သည်။ ထို့အတူ မြို့နယ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အခြေခံကျေးလက်ဒေသများ ဖွံ့ဖြိုးမှသာ မြို့နယ်များ တိုးတက်လာမည်ဖြစ်၍ နယ်စပ်ဒေသများအပါအဝင် ကျေးလက်ဒေသများ ဖွံ့ဖြိုးလာစေရန် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ပြီး လူနေမှုအဆင့်မြင့်မားစေရေးအတွက် ကျေးလက်ဒေသနေ ပြည်သူများ၏ပညာရေးအဆင့်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု ကောင်းမွန်ရေး၊ လမ်းပန်းဆက်သွယ်မှုချောမွေ့ရေး၊ သန့်ရှင်းသောသောက်သုံးရေနှင့် စိုက်ပျိုးရေ ရရှိရေး၊ ကျေးလက်ဒေသ၏ စီးပွားရေးအထောက်အကူပြုလုပ်ငန်းများ တိုးတက်ရေးတို့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် အခြေခံကျေးလက်နှင့် နယ်စပ်ဒေသများအထိ အရောက်သွားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသနေပြည်သူများ လူနေမှုဘဝနှင့် စီးပွားတိုးတက်မြင့်မားရေးတို့အတွက် လိုအပ်ချက်များ၊ ဆောင်ရွက်ပေးဖွယ်ရာများကို ဖြည့်ဆည်းစီမံ ဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဇန်နဝါရီလ ၁၀ ရက် နံနက်ပိုင်းက ခရမ်းမြို့ ပြဟ္မစိုရ်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်ပညာရေး၊ ကျန်းမာရေး၊ လမ်းတံတားလုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

“မြို့နယ်တစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် မြို့နယ်တာဝန်ခံ တစ်ဦးတစ်ယောက်တွင်သာ တာဝန်ရှိသည်မဟုတ်ဘဲ မြို့နယ်အတွင်းရှိ ဌာနအားလုံး၊ ဝန်ထမ်းအားလုံးနှင့် သက်ဆိုင်သည်ဆိုသည့် ခံယူချက်ဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း၊ မြို့နယ်တာဝန်ခံများအနေဖြင့် မိမိမြို့နယ်ရှိ အခြေခံကျေးလက်ဒေသများအထိ အရောက်သွားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းစီမံ ပေးသွားကြရမည်ဖြစ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကော်မတီဖွဲ့စည်းပြီး ဟန်ချက်ညီညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားကြရမှာ ဖြစ်ကြောင်း”

ပြောကြားသွားသည်။

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ ခရမ်း၊ သုံးခွ၊ ကျောက်တန်းနှင့် သန်လျင်မြို့နယ်များသည် မိုးစပါး၊ ဆောင်းသီးနှံများ တိုးချဲ့စိုက်ပျိုးပြီးစီးနေပြီး နွေစပါးဆက်လက်စိုက်ပျိုးရေးကို ကြိုးပမ်းအားထုတ်နေကြသည့် မြို့နယ်များဖြစ်သည်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး တိုးတက်ကောင်းမွန်စေရန် နိုင်ငံတော်နှင့်အတူလက်တွဲ၍ ဒေသခံပြည်သူများက ကြိုးပမ်းဆောင်ရွက်နေကြသည်။

နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသများရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး တိုးတက်မြင့်မားလာစေမည့် အစီအမံများ ချမှတ်ဆောင်ရွက်ပေးနေသကဲ့သို့ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ၏ အခြေခံစီးပွားရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေရရှိရေး အပါအဝင် ကဏ္ဍအလိုက် စီမံကိန်းများဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ရန်ကုန်မြို့တော်ပတ်လည် မိုင်၃၀အတွင်း စိုက်ပျိုးခင်းကြီးများဖြင့် အမြဲတမ်းစိမ်းလန်းစိုပြည်နေစေရန် အဓိကလိုအပ်နေသည့် ရေရရှိရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မြို့နယ်တာဝန်ရှိသူများအနေဖြင့် မိမိမြို့နယ်၊ မိမိဒေသဖွံ့ဖြိုးရေး၊ ဒေသနေ ပြည်သူများ လူနေမှုအဆင့် မြင့်မားလာရေးအတွက် ဆောင်ရွက်ပေးသွားကြရမည်ဖြစ်သကဲ့သို့ ပြည်သူများအပိုင်းကလည်း စိတ်တူကိုယ်တူ ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝံသာနုသတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ပဲခူး၊ ဝေါ၊ ဒိုက်ဦးမြို့နယ် သုံးမြို့နယ်ဆက်စပ်ထိတွေ့ရာ ဒေသရှိ မိုးယွန်းကြီး အင်းရေပြင်၏ သဘာဝအလှပုံရိပ်မျက်နှာဖုံးဖြင့် ‘ဝံသာနု’ သတင်းလွှာအတွဲ(၁၃) အမှတ်(၁)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။ **(ယာပုံ)**

‘ဝံသာနု’သတင်းလွှာ၏နောက်ကျောဖုံးတွင် အထူးကဏ္ဍအဖြစ် အမှတ်တရ ရွှေရတုအကယ်ဒမီညဉ်၏ အမှတ်တမဲ့ ပုံရိပ်များကို ဖော်ပြထားသည့်အပြင် ဧရာဝတီ မြစ်ကမ်းနဖူးက ဆုတောင်းပြည့်စေတီ၊ ရှေးဟောင်းကျောက်စာ တစ်ချပ်အား ပုဂံရှေးဟောင်းဒေသ၌ ဖော်ထုတ်တွေ့ရှိ၊ ဆေးဝါးအတုများ ဖော်ထုတ်သိမ်းဆည်းရမိမှု သက်ဆိုင်ရာက ရှင်းလင်း၊ နှစ်သစ်ကူးညချမ်းမှာ အပျော်လွန်လူငယ်များ၏ လုပ်ရပ်၊ စားသောက်ဆိုင်အဆိုတော်အမျိုးသမီးအား ခြိမ်းခြောက်ခေါ်သူနှစ်ဦး၊ လူမှောင်ခိုပွဲစားများကြောင့် လမ်းမှားရောက်မည့် အမျိုးသမီးများအား အချိန်မီတားဆီးကယ်ဆယ် စသော ပြည်တွင်းသတင်းများနှင့် ကြီးမားပြင်းထန်သော အီရန်မြေငလျင်၊ အမေရိကန်ပြည်ထောင်စု၏ မြို့လယ်ကောင်မှ လက်နက်ကိုင်အစောင့်များ၊ အောင်မြင်နေသော ထိုင်းနိုင်ငံ လက်နက်ပုန်းနှိမ်နင်းရေး၊ အင်ဒိုနီးရှား၌ တရားမဝင်အရက်များ ဖျက်ဆီး၊ ကျူးကျော်သူ အမေရိကန်တပ်များ၏ လက်ခုပ်ထဲက ရေဖြစ်နေသော အီရတ်ပြည်သူတို့၏ဘဝ အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ အမှတ်(၄၁) ၂၉ လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပေါက်ခေါင်း အထက ရွှေရတုနှင့် မြတ်ဆရာပူဇော်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ နှစ် (၅၀) ပြည့် ရွှေရတုနှင့် ကျောင်းသားကျောင်းသူ ဟောင်းများ၏ ဆဋ္ဌမအကြိမ် သက်ကြီးအာစရိယပူဇော်ပွဲ အခမ်းအနားကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီက ပေါက်ခေါင်းအထက ရွှေရတုအခမ်းအနားတွင် စည်းကားသိုက်မြိုက်စွာ ကျင်းပသည်။ **(အပေါ်ပုံ)**

အစီအစဉ်အရ အထကရွှေရတု အခမ်းအနားကို လက်ရှိကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးက ဖဲကြိုးဖြတ်ဖွင့်လှစ်၍ သက်ကြီးအာစရိယ ပူဇော်ပွဲကို ရတုပိုဒ်စုံများ၊ မြတ်ဆရာ သီချင်းသံသာများနှင့် သီဆိုဖျော်ဖြေကြသည်။ ဆက်လက်၍ လှူဖွယ်ပစ္စည်းများဖြင့် လက်အုပ်ချီမိုးပူဇော်ကန်တော့ကြရာ ဆရာကြီးဦးမြင့်ရွှေ၊ ဆရာကြီး ဦးထွန်းမှ နှင့် ဆရာမကြီးဒေါ်အေးအေးခိုင်တို့က ဆုံးမဩဝါဒစကားများ ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ပြုံးနှင့် ဆရာဟောင်းတစ်ဦးဖြစ်သူ ဆရာဦးလှအောင်တို့က ‘ကျွန်တော်သိသော ပေါက်ခေါင်း အထကရွှေရတု’ အကြောင်းကိုပြောကြားသည်။

ဖျော်ဖြေ

ဆက်လက်၍ ရွှေရတုအထိမ်းအမှတ် ညစာစားပွဲကို အထက မြက်ခင်းပြင်၌ ညနေ ၆နာရီတွင် ကျင်းပရာ မျိုးဆက်သစ် ကျောင်းသားကျောင်းသူ ကလေးများက အက၊ အလှ၊ ပဒေသာကပွဲများဖြင့် ဖျော်ဖြေကြသည်။ **(က–ပ)**

ကွန်ပျူတာဂျာနယ် ဇန်နဝါရီလထုတ်ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁



၂၀၀၄ခုနှစ် မြန်မာနိုင်ငံအိုင်စီတီ လောကကိုမှန်းဆထားသော ဇန်နဝါရီလထုတ် ကွန်ပျူတာဂျာနယ် ထွက်ရှိနေပြီဖြစ်သည်။ ၂၀၀၃ ခုနှစ်ကို ဆန်းစစ်ချက်အပါအဝင် VCD Protection နည်းပညာကို ရွေးချယ်ဖော်ပြထားပြီး မြန်မာနှင့် နိုင်ငံတကာ ကွန်ပျူတာနှင့် အိုင်စီတီ ဖြစ်ထွန်းတိုးတက်မှုများဖြင့် စုံစုံလင်လင် ထွက်ရှိလာသည်။ **(အပေါ်ပုံ)(က–ပ)**

အရည်အသွေးပြည့် စီမံခန့်ခွဲခြင်းဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁၁

အရည်အသွေးကောင်းထုတ်ကုန်ပစ္စည်းများဖြင့် နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက်နိုင်စေရေး ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီလမ်းညွှန် Knowledge-based Industry စီးပွားရေး အသိပညာပေးအစီအစဉ်အရ ဦးငွေသိန်း (ကုမ္ပဏီလမ်းညွှန်)က အရည်အသွေးပြည့်စီမံခန့်ခွဲခြင်း ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၈ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီမှ ၃ နာရီအထိ လှိုင်မြို့နယ် MICT Park တွင် ဟောပြောမည်ဖြစ်သည်။ အဆိုပါ ဟောပြောပွဲတွင် တက်ရောက်သူတိုင်းအား အရည်အသွေးပြည့် စီမံခန့်ခွဲမှု လက်ကမ်းစာအုပ်များ အခမဲ့ပေးဝေ မည်ဖြစ်ရာ ကုမ္ပဏီလမ်းညွှန် အမှတ် (၂၇၆) ၃၉ လမ်းအထက် ကျောက်တံတားမြို့နယ် ဖုန်း–၂၄၂၅၈၃ နှင့် မြေနီကုန်း ပလာဇာ ဒုတိယထပ် စမ်းချောင်းမြို့နယ် ဖုန်း–၅၃၆၉၁၄ လှိုင်းခွဲ(၁၆) သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်သည်။ **(က–ပ)**

ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်

ရန်ကုန် ဇန်နဝါရီ ၁၁

ရောဝတီတိုင်း အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရေကျော် ကျေးရွာနှင့် ဥသျှစ်ကုန်းကျေးရွာ ဆက်သွယ်သည့် ကျေးရွာချင်းဆက် မြေသားလမ်း ဖောက်လုပ်လျက်ရှိရာ ဒီဇင်ဘာ ၂၁ရက်က အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလှဦးတို့က အနီးကပ် ကြီးကြပ် ဆောင်ရွက်ပေးသည်။ **(၁၃၁)**

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

လွတ်လပ်ရေးတိုက်ပွဲက ပေါ်ပေါက်လာတဲ့ သူ့ကျွန်မခံ မျိုးချစ်ဇာတိမာန်

ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ဟာ မြန်မာ့လွတ်လပ်ရေးကြီးကို စုပေါင်းလုံ့လပြုမှု၊ ဝါယမစိုက်ထုတ်မှုများဖြင့်သာ ဆောင်ယူ လာခဲ့တာ ဖြစ်ပါတယ်။ လွတ်လပ်ရေးပြန်လည်ရရှိဖို့အတွက် တိုင်းရင်းသား ပြည်သူတွေရဲ့ အသက်၊ သွေး၊ ချွေး၊ မျက်ရည်တွေနဲ့ နှစ်ပေါင်းများစွာ ရင်းနှီး တိုက်ပွဲဝင်လာခဲ့ရတာ ဖြစ်ပါတယ်။ ဆက်လက်ပြီး လွတ်လပ်ရေးနဲ့ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားတွေဟာ တပ်မတော်နဲ့ ခိုင်မြဲစွာ လက်တွဲထိန်းသိမ်း ကာကွယ်လာခဲ့ကြတာ ဖြစ်ပါတယ်။

လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ၁၉၃၀ ပြည့်နှစ် မြန်မာ့နယ်ချဲ့ ဆန့်ကျင်ရေးတပ်ဦးသဖွယ်ဖြစ်တဲ့ ဂျီစီဘီအေအသင်းကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပြီးနောက် ပေါ်ပေါက်လာခဲ့တဲ့ လွတ်လပ်ရေးတိုက်ပွဲဝင် ဆောင်ပုဒ်အချို့ ကတော့-

လာမည့်ဘေး – ပြေးတွေ့

ဘေးနဲ့ကြုံ – ရဲဂုဏ်ပြ

သေလျှင်မြေကြီး – ရှင်လျှင်ရွှေထီး

ကျွန်ဘဝကို – စက်ဆုပ်ကြ

ဒါတို့ပြေ ဒါတို့မြေ ဆိုတာတွေဖြစ်ပါတယ်။

ဒါတွေဟာ အရှိန်အဟုန်ရလာတဲ့ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲရဲ့ ကြွေးကြော်သံလဲ ဖြစ်ပါတယ်။ ဆရာစံအရေးတော်ပုံမပေါ်ခင် ငါးနှစ်လောက်က ဖြစ်တယ်။ ၁၉၂၅-၂၆ခုနှစ်မှာ သန်လျင်မြို့ ဘောလုံးကွင်း ရုပ်ရှင်ရုံအတွင်း ဇာတ်ပွဲတစ်ခု ရက်ရှည်လာကပြတယ်။ ဒီပွဲမှာ ကျော်ကြားလှတဲ့ စာရေးဆရာ နန်းတော်ရှေ့ဆရာတင် ဦးဆောင်ပြီးပါလာတယ်။ သူက မြင်ရသလောက်ဆိုရင် နဖူးမောက်မောက် နှာရောင်ကောက်ကောက်၊ အရပ်ခပ်ပုပုနဲ့ ဗန္ဓုလအဝတ် အစားကို ဝတ်ထားတယ်။ ကိုင်ထားတဲ့ ငှက်ကြီးတောင်ဓားကြီးကလဲ တလက်လက်။ သူ့ပုံနဲ့မကိုက်ညီအောင် ကြီးပါတယ်။ သူဆိုတဲ့ သီချင်းနဲ့ဆိုင်းဟာ ငြိမ့်ညောင်းသာယာပြီး ရေးခေတ်ကို အောက်မေ့ဖွယ်၊ ဇာတိမာန်တက်ကြွဖွယ် သီချင်းဖြစ်တယ်။ ဒီသီချင်းကတော့”

“အမျိုးသားများကို ဝမ်းနည်းပက်လက် နှိပ်စက်ဖွယ်မရှိစေ၊

အမျိုးသမီးများကို ဝမ်းနည်းပက်လက် နှိပ်စက်ဖွယ်မရှိစေ၊

နန်းတော်ရှေ့၊ နန်းတော်ရှေ့ဆရာတင်စီရေး ရှေ့အချိန်တွေ

နန်းတော်ရှေ့- နန်းတော်ရှေ့ ဆရာတင်စီရေး၊

ရှေးရှေးက အချိန်တွေ၊ တွေ့ရလိမ့်လေး၊

တို့ပြည်၊ တို့မြေ၊ တို့အမွေ၊ ဗန္ဓုလ၊ ဗန္ဓုလ၊ ဗန္ဓုလမဟာဆွေ၊

ကမ္ဘာကျေသော်လည်း မြန်မာတွေ ဥဒါန်းမကျေ” အဲဒီသီအချင်းကို အတီးတစ်ပိုဒ်၊ အဆိုတစ်ပိုဒ် ဆိုသွားရင်းစပ်ကြားမှာ ဇာတိသွေး၊ ဇာတိမာန် တက်ကြွဖွယ်စကားပြေများကို ညှပ်ပြီးပြောသွားတယ်။

အဲဒီသီချင်းဟာ တို့မြန်မာသီချင်းထက်လဲ ၄၊ ၅၊ ၆နှစ်တောင်စောတဲ့ အမျိုးသား သီချင်းတစ်ပုဒ်ဖြစ်ပါတယ်။ နန်းတော်ရှေ့ဆရာတင်က ဒီသီချင်းကို ဗန္ဓုလဝတ်စုံကိုဝတ်လို့ ငှက်ကြီးတောင်ဓားကို ဝင့်ကာဝင့်ကာနဲ့ကိုင်ပြီး သီချင်းဆိုရင်း ဓားကြီးကိုဇာတ်စင်ပေါ်က ဖျာပေါ် ဖြန်းခနဲ ထိုးပစ်ချလိုက်သံ ကြားရတော့ စာရေးသူဟာ ကျောရိုးတစ်လျှောက်လုံး ဖြန်းခနဲ ဖြန်းခနဲနဲ့ ကြက်သီးတွေထပြီး ကုတ်မွေးတွေတောင် ထလာသလားလို့ ထင်ရလောက်အောင် ဇာတိသွေး၊ ဇာတိမာန်နဲ့ ဒေါသမီးတွေ ထမိခဲ့တယ်။ အဲဒီအချိန်ကစပြီး အမျိုးသားရေးစိတ်ဓာတ်ဟာ စာရေးသူရဲ့ နှလုံးသားမှာ ကိန်းအောင်းလာ ခဲ့တယ်။

(၁) လူလားမြောက်ပြီးဘဝရဲ့ အသက်မွေးဝမ်းကျောင်းအတွက် အလုပ်သမားလောကထဲ ရောက်တယ်ဆိုရင်ပဲ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲရဲ့ စည်သံမောင်းသံတွေဟာ မြန်မာ့ပထဝီမြေလွှာ အထပ်ထပ်ကို တုန်ခါစေခဲ့ပါတယ်။

(၂) အလုပ်သမားလောကထဲမှာ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ ဖိနှိပ်မှုတွေကို သိအောင်၊ မြင်အောင်၊ ကြားအောင် ဒီမြန်မာ့ လွတ်လပ်ရေးတိုက်ပွဲ စည်သံမောင်းသံကြီးတွေက တီးခတ်ပြခဲ့ပါတယ်။

စာရေးသူရဲ့ အမျိုးသားရေးစိတ်ဓာတ်ကို ကျောက်စိုင်၊ ကျောက်ခဲပမာ

အောင်မိုးခံ

မာကျောအောင် အခြေခံကျကျ တည်ဆောက်ပေးနိုင်တဲ့ အကြောင်းအရင်း ကတော့ ဆရာစံကိစ္စပါပဲ။

ဆရာစံဟာ မြန်မာလယ်သမားတွေကို ခေါင်းဆောင်ပြီး နယ်ချဲ့ကို တော်လှန်ခဲ့တယ်။ လယ်သမားအရေးတော်ပုံ ရှုံးနိမ့်လာတဲ့အခါ မြန်မာပြည် အရပ်ရပ်ကို လှည့်လည်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံကို စည်းရုံးသိမ်းသွင်း လို့ လူအင်အားဖြည့်တင်းဖို့ ကြိုးစားခဲ့တယ်။ အဲဒီအချိန်မှာ ရှမ်းပြည်နယ် တစ်နေရာမှာ ငှက်ဖျားမိပြီး မကျန်းမမာဖြစ်ခဲ့တယ်။ ဒါကိုသိတဲ့ အင်္ဂလိပ်အလိုတော်ရိတွေက ဆရာစံကို အလွယ်တကူ ဖမ်းနိုင်သွားတယ်။ ပြီးတော့ တရားစွဲပြီး ကြိုးပေး သတ်ခဲ့တယ်။ အဲဒီတုန်းက အင်္ဂလိပ်နယ်ချဲ့အစိုးရ လက်ပါးစေတွေက ဆရာစံကို သူတို့ချိုးနှိမ်ခဲ့တာနဲ့ပတ်သက်ပြီး သူတို့ ပြောသံဆိုသံကြားရတဲ့ အခါ ဒေါသဖြစ်မိတယ်။ မခံချင်စိတ်တွေလဲ ဖြစ်ပေါ်လာတယ်။ ငါတို့ခေတ် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်တဲ့အခါ ဆရာစံလို ကြမ္မာမျိုးမကြုံရလေအောင် ဘယ်လို လုပ်မလဲဆိုတာ စဉ်းစား ကြတယ်။ အဖြေကတော့ ကိုယ်ရေးကြုံရင် သက်လုံ ကောင်းရမယ်ဆိုတဲ့ ဆောင်ပုဒ်ကို စာရေးသူတို့ ရလိုက်တယ်။

သုခချမ်းသာခြင်း၊ ဒုက္ခဆင်းရဲခြင်းဆိုတာတွေကို နိုင်ငံရေးအမြင်ဘက်က ကြည့်ရင် ဘယ်လို မြင်သလဲ၊ သင် ဘယ်လိုရှင်းမလဲဆိုတဲ့ ပြဿနာဟာ အလွန်လေးနက်တယ်။ အဲဒီပြဿနာကို တို့မြန်မာ အစည်းအရုံးဝင်တွေ သို့မဟုတ် တို့မြန်မာအစည်း အရုံးက ဘယ်လိုမြင်သလဲ၊ ဘယ်လိုယူဆသလဲ၊ ဘယ်လို ရှင်းခဲ့သလဲဆိုရင် သုခချမ်းသာခြင်းကို လူမျိုး မလွတ်လပ်ရင်၊ နိုင်ငံလွတ်လပ်ခွင့် မရှိရင် ဘယ်တော့မှမရနိုင်ဘူး။ ဒုက္ခဆင်းရဲခြင်းကိုသာရနိုင် တယ်။ အဲဒါကြောင့် လူမျိုးလွတ်လပ်မှသာ၊ နိုင်ငံလွတ်လပ်မှသာ ဒုက္ခဆင်းရဲ ကင်းမယ်လို့ခံယူကြတယ်။ အဲဒီခံယူ ချက်အတိုင်းလဲ လူမျိုးလွတ်လပ်မှု ပထမ ဆိုတာကို ထပ်တလဲလဲ ကြွေးကြော်ခဲ့တယ်။ နိုင်ငံလွတ်လပ်မှုကို ကိုယ့်လွတ်လပ်မှုနဲ့ ထပ်တူထားပြီး အသက်၊ သွေး၊ ချွေးနဲ့ ဆောင်ရွက်ခဲ့ကြတယ်။

ဒီကနေ့လို လွတ်လပ်ရေး ရွှေရတုလွန်ကာလမှာ ဂလိုဘယ်လိုက်ဇေးရှင်းခေါ် ကမ္ဘာနဲ့အဝန်း လွှမ်းခြုံဆက်စပ်မှုဖြစ်စဉ်တွေ ပေါ်ပေါက်လာချိန်ဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးလို ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲလာချိန် ဖြစ်တဲ့အတွက် တော်သူကယ်၊ မတော်သူပယ် အပြိုင်ကျဲကြတဲ့ ကာလမျိုးလဲ ဖြစ်ပါတယ်။

ဒါကြောင့် လွတ်လပ်ရေးတိုက်ပွဲက ပေါ်ပေါက်လာတဲ့ သူ့ကျွန်မခံ မျိုးချစ်ဇာတိမာန်ကို ဆက်ခံထိန်းသိမ်းပြီး နိုင်ငံတော်ရဲ့ ရှေ့လုပ်ငန်းစဉ် ခုနစ်ရပ် အောင်မြင်ရေး၊ စီးပွားရေးကုန်ထုတ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးနဲ့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာ ထာဝစဉ်တည်တံ့ခိုင်မြဲရေးတို့အတွက် တစ်မျိုးသားလုံး တစ်စိတ်တစ်ဝမ်းတည်း လက်တွဲမဖြုတ်စတမ်း ကြိုးပမ်း ဆောင်ရွက်ဖို့ အထူးတလည် နှိုးဆော်တင်ပြလိုက်ရပါတယ်။ ။



Future Publishing House အမှတ် ၅၂ (က) ၁၂လမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၄၃၁ က ထုတ်ဝေဖြန့်ချီသည့် လူထုစိန်ဝင်း၏ မန်နေဂျာကောင်းဆိုတာ စာအုပ် မျက်နှာဖုံး။ (က-ပ)

နဝဒေး၊ ဒုရင်ဂိုလ်နှင့်အင်းငါးခွ သကြားစက်ရုံများ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်သည် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းက ပဲခူးတိုင်း ပြည်မြို့ နဝဒေးသကြားစက်ရုံသို့ရောက်ရှိပြီး စက်လည်ပတ် သကြားထုတ်လုပ်နေပုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ရွာမြစ်ရေတင်စီမံကိန်းမှ ရေပေးဝေမှုလုပ်ငန်းများကို လည်းကောင်း၊ အောင်လံမြို့ ရုံးဆိပ်နှင့် ဒုရင်ဂိုလ်သကြားစက်ရုံများ စက်လည်ပတ် သကြားထုတ်လုပ်နေပုံများကို လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မှာကြား

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဒီဇင်ဘာ ၉ ရက်တွင် ပေါက်ခေါင်းမြို့နယ် ရှားပြင်ဒေသ ကြံစိုက်ခင်းများသို့ရောက်ရှိပြီး ကြံစိုက်ပျိုးနေသော တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပေါက်ခေါင်းမြို့ အင်းငါးခွ သကြားစက်ရုံ လည်ပတ်နေမှုနှင့် ကြံမြုပ်ချေး မြေဩဇာထုတ်လုပ်နေပုံတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ် (မြောက်ပိုင်း) အမက (၁၇)တွင် ပညာရေးစုံညီပွဲတော်၊ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို ဇန်နဝါရီ ၃ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးခိုင်က သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မချမ်းမြေ့မွန်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။ (က-ပ)

၂၀၀၃-၂၀၀၄ ပညာသင်နှစ်၏ ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၃ရက်က အမက ၁၂ တာမွေ ကျောင်းခန်းမ၌ ပြုလုပ်ရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်သီသီသိန်းက တတိယတန်း ဘာသာစုံထူးချွန်၊ ကျောင်း မိသားစုအဆင့် ဘာသာစုံထူးချွန်နှင့် မြန်မာစာထူးချွန်၊ မြို့နယ်အဆင့် ၃၈ ဖြာ မင်္ဂလာကဗျာ ရွတ်ဆိုပြိုင်ပွဲ တွင် ပထမဆုရရှိသော မယွန်းခက်ပန်အား ဆုချီးမြှင့်စဉ်။ (က-ပ)

လျှပ်စစ်ဆိုင်ရာ စာတမ်းဖတ်ကြားဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းကကြီးမှူး၍ ဦးခင်မောင်ဆွေ(လျှပ်စစ်စစ်ဆေးရေး)၏ ‘နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် လျှပ်စစ်ဆိုင်ရာလုပ်ငန်းများ၏ စံချိန်စံညွှန်း အရည်အသွေးနှင့် စွမ်းဆောင်ရည်မြင့်မားရေး’စာတမ်းကို ဇန်နဝါရီ ၁၀ရက် မွန်းလွဲ ၁ နာရီက လှိုင်မြို့နယ် MICT Park ရှိ Conference Hall ၌ ဖတ်ကြားဆွေးနွေးရာ စာတမ်းဖတ်ပွဲသို့ ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ အင်ဂျင်နီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး ဟောပြောပွဲအပြီးတွင် တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးချက်များကို ဦးခင်မောင်ဆွေက ပြန်လည်ဖြေကြားသည်။ **(က-ပ)**

အမေရိကန်တပ်ဖွဲ့ တီကရစ်မြို့တွင်း စီးနင်းရှာဖွေ လူအများအပြားကို လက်ထိပ်များခတ်၍ ဖမ်းဆီးသွား

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့မြောက်ဘက် ဘာကူဘာမြို့မှ အဆောက်အအုံတစ်ခုအပြင်ဘက်၌ အသေခံဗုံးဖောက်ခွဲတိုက်ခိုက်မှု ယမန်နေ့ နေ့လယ်ပိုင်း၌ဖြစ်ပွားခဲ့ရာ လူလေးဦးသေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိခဲ့သည်။

အီရတ်နိုင်ငံ၌ ဆက်ဒမ်ဟူစိန် မရှိတော့သည့် အချိန်ကစပြီး ယခုလို ဗုံးခွဲတိုက်ခိုက်မှု ပိုမိုများပြားလာခဲ့သည်။ ထိုအတောအတွင်း ဘဂ္ဂဒက်မြို့၌ ဒေါသထွက်နေကြသော ဒေသခံပြည်သူများသည် လမ်းမပေါ်၌ စုရုံးရောက်ရှိလာကြပြီး လူအုပ်ကြီးသည် အမေရိကန်ဆန့်ကျင်ရေး ကြွေးကြော်သံများကို ကြွေးကြော်ကာ ဆန္ဒပြခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များသည် ပြီးခဲ့သည့် သီတင်းပတ်အတွင်း ရတ်တရက် စီးနင်း ဝင်ရောက်ရှာဖွေခဲ့ကြပြီး ငွေကြေးနှင့် လက်နက်များကို သိမ်းဆည်းသွားခဲ့ကြသည်။

ထို့အပြင် အမေရိကန် အမှတ်(၄) ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်များသည် ဆက်ဒမ်ဟူစိန်၏ဇာတိ တီကရစ်မြို့၌ ညဘက် ရတ်တရက် စီးနင်းဝင်ရောက်ရှာဖွေကာ သံသယရှိသည်ဆိုပြီး လူအများအပြားကို မျက်နှာများဖုံးအုပ်ပြီး လက်ထိပ်များခတ်ကာ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။

(စီအင်န်အင်န်)

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

ဇန်နဝါရီ ၁၀ ရက်က ဘာကူဘာမြို့တွင် ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဇန်နဝါရီ ၁၀ ရက်က ဘဂ္ဂဒက်ဆင်ခြေဖုံးရှိ တာဂျီအရပ်တွင် အမေရိကန်စစ်ဘက်ထောက်ပို့ရေးမော်တော်ယာဉ်တစ်စီး ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားပြီးနောက် ယာဉ်အနီး စစ်ဆေးမှုများပြုလုပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကုလအမှုထမ်းများကို လုံခြုံရေးအကာအကွယ်ပေးနိုင်မှု အဓိကထားကြည့်ရမည်ဟု ကုလ ပြောရေးဆိုခွင့်ရှိသူ ပြောကြား

ကုလသမဂ္ဂ ဇန်နဝါရီ ၁၀

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်သည် အီရတ်နှင့် ပူးပေါင်းတပ်ဖွဲ့ခေါင်းဆောင်များနှင့် အီရတ်၏ အနာဂတ်ကိစ္စကို ဆွေးနွေးသည့်အခါ သဘောထားကြီးမြင့်ကြီးမည်ဖြစ်သော်လည်း ဖြစ်နိုင်ဖွယ်ရာ အမိန့်အာဏာနှင့်စပ်လျဉ်း၍ ၎င်း၌ ခိုင်မာကျစ်လျစ်သော အတွေးအခေါ်များရှိထားသည်ဟု အရာရှိများက သောကြာနေ့၌ ပြောကြားလိုက်သည်။

စစ်ပြီးကာလ အီရတ်နိုင်ငံတွင် ကမ္ဘာ့အဖွဲ့အစည်း၏ အခန်းကဏ္ဍကို ရှင်းရှင်းလင်းလင်းဖြစ်စေရန်အတွက် ဇန်နဝါရီ ၁၉ ရက်၌ အီရတ်အုပ်ချုပ်မှုကောင်စီနှင့် ပူးပေါင်းယာယီအာဏာပိုင်အဖွဲ့တို့နှင့် ဆွေးနွေးသည့်အခါ အခြေခံလုပ်ငန်းရပ်ချမှတ်ရန် ကိုဖီအာနန်သည် အမေရိကန်သံအမတ် ဂျွန်နီဂရိုပွန်တီ၊ ဗြိတိသျှသံအမတ် အမ်မီယာဂျုံးပါရီတို့နှင့် သောကြာနေ့ညပိုင်း၌ ဆွေးနွေးခဲ့သည်။

ကုလသမဂ္ဂအရာရှိတစ်ဦးက ကိုဖီအာနန်တွင် အီရတ်နိုင်ငံတွင် ကုလသမဂ္ဂဆောင်ရွက်မည့် အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ခိုင်မာသော အတွေးအခေါ်များရှိထားကြောင်း၊ သို့ရာတွင် အဓိကအချက်မှာ ကုလသမဂ္ဂအလုပ်သမားများ လုံခြုံမှုရှိ မရှိဖြစ်ကြောင်း ပြောဆိုသည်။

ဩဂုတ်လထဲ၌ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ်၌ ဗုံးပေါက်ကွဲခဲ့ရာတွင် အီရတ်ဆိုင်ရာ ကုလသမဂ္ဂသံတမန် ဆာဂျီယိုဗီယာဒီမဲလိုးအပါအဝင် ကုလသမဂ္ဂအလုပ်သမားများနှင့် ဧည့်သည်များ စုစုပေါင်း ၂၂ ဦး သေဆုံးခဲ့သည်။

အီရတ်သို့ နိုင်ငံတကာဆိုင်ရာ အမှုထမ်းများကို ပြန်ပို့ရန် အတွင်းရေးမှူးချုပ်က စဉ်းစားမည်ဆိုလျှင် မိမိတို့လူများအတွက် မည်သည့်လုံခြုံရေး အကာအကွယ်လုပ်ဆောင်နိုင်မည်ကို မိမိ အဓိကထား ကြည့်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ဖရက်ဒ်အက်ခ်ဟာ့ဒ်က ပြောကြားသည်။ **(အင်တာနက်)**

ဒုတိယကမ္ဘာစစ်မှစပြီး သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ

ဝါရှင်တန် ဇန်နဝါရီ ၁၀

ဒုတိယကမ္ဘာစစ်မှစပြီး အီရတ်နိုင်ငံနှင့် အခြားပဋိပက္ခမှုများတွင် သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်။

- **အီရတ်** ၄၉၄
- **အာဖဂန်နစ္စတန်** ၉၉
- **ကိုဆိုဗို** ၀
- **ဆိုမာလီ** ၂၅ ထက်မနည်း
- **ပင်လယ်ကွေ့စစ်** ၃၁၅
- **ဂရီနာဒါ** ၁၆
- **လက်ဘနွန်** ၂၄၁ ထက်မနည်း
- **ဗီယက်နမ်** ၅၈၀၀၀ ထက်မနည်း
- **ကိုရီးယားစစ်ပွဲ** ၃၃၆၀၀ ထက်မနည်း
- **ဒုတိယကမ္ဘာစစ်** ၂၉၀၀၀၀ **(အင်တာနက်)**

၂၀၀၃ ခုနှစ် ဇွန် ၃၀ မှ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၉ ရက်အထိ အီရတ်၌ဖြစ်ပွားခဲ့သော ဗုံးဖောက်ခွဲတိုက်ခိုက်မှုများ

လန်ဒန် ဇန်နဝါရီ ၁၀

အီရတ်နိုင်ငံတွင် ၂၀၀၃ ခုနှစ် ဇွန် ၃၀ ရက်မှစပြီး ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၉ ရက်ထိ ဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ရက်စွဲအစဉ်လိုက် ဖြစ်ပွားသော ဗုံးခွဲတိုက်ခိုက်မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

ဇွန် ၃၀။ အမေရိကန်တစ်ဦးအပါအဝင် အီရတ်ကိုးဦး ဖော်လူဂျာ၌ မိုတယ်အဆောက်အအုံတစ်ခုဘေး ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသည်။

ဇူလိုင် ၅။ ရာမာဒီ၌ ရဲတပ်ဖွဲ့ဝင်သစ် ခုနစ်ဦး သင်တန်းဆင်းလက်မှတ်ပေးအပ်သည့် အခမ်းအနား၌ ပေါက်ကွဲမှုဖြစ်ပြီး သေဆုံးသည်။

ဩဂုတ် ၇။ ဘဂ္ဂဒက်ရှိ ဂျော်ဒန်သံရုံးဝင်းအပြင်ဘက်၌ ထရပ်ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၁၇ ဦးသေဆုံးပြီး ၆၀ ကျော်ဒဏ်ရာရသည်။

ဩဂုတ် ၁၆။ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးရှိ အဘူးဂရိတ်အကျဉ်းထောင်၌ စိန်ပြောင်းဖြင့် တိုက်ခိုက်မှုကြောင့် အီရတ်ခြောက်ဦးသေပြီး ၅၉ ဦးဒဏ်ရာရသည်။

ဩဂုတ် ၁၉။ ဘဂ္ဂဒက်ရှိ ကုလသမဂ္ဂရုံးချုပ် ထရပ်ကားဗုံးဖောက်ခွဲဖျက်ဆီးခြင်းခံရသဖြင့် ကုလသမဂ္ဂသံတမန် ဆာဂျီယိုဗီရာဒီမဲလိုး အပါအဝင် ၂၂ ဦး သေဆုံးသည်။ ကုလသမဂ္ဂအရပ်ဘက် ရာစုပေါင်း အဆောက်အအုံတစ်ခုကို အဆိုးရွားဆုံး တိုက်ခိုက်မှုဖြစ်သည်။

ဩဂုတ် ၂၉။ နာဂျက်ဖ်မြို့တွင် အီမန်အလီအဆောက်အအုံ၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုကြောင့် ဘာသာရေးခေါင်းဆောင် အယာတိုလာမိုဟာမက် ဘာကာအယ်လ်ဟာကင်မ် အပါအဝင် လူ ၈၃ ဦးထက်မနည်း သေဆုံးသည်။

အောက်တိုဘာ ၉။ ဘဂ္ဂဒက်မြို့အရှေ့မြောက်ဘက်ရှိ ဆက်ဒါမြို့တွင် ရဲစခန်းတစ်ခုကို အသေခံဗုံးခွဲသူနှစ်ဦးက ဗုံးခွဲတိုက်ခိုက်သဖြင့် အီရတ်ရှစ်ဦး သေဆုံးသည်။

အောက်တိုဘာ ၁၂။ ဘဂ္ဂဒက်မြို့၏ အဓိကလမ်းမကြီးရှိ ဘဂ္ဂဒက်ဟိုတယ်အပြင်ဘက်၌ ပေါက်ကွဲမှုတစ်ခုကြောင့် အီရတ်ခြောက်ဦးသေပြီး ဒါဇင်များစွာ ဒဏ်ရာရသည်။

အောက်တိုဘာ ၂၇။ ဘဂ္ဂဒက်ရှိ ကြက်ခြေနီရုံးအဆောက်အအုံနှင့် ရဲစခန်းသုံးခုကို ဗုံးခွဲတိုက်ခိုက်သူများက လေးကြိမ်ဗုံးခွဲတိုက်ခိုက်သဖြင့် ၃၅ ဦးထက်မနည်း သေဆုံးပြီး ၂၃၀ ခန့် ဒဏ်ရာရသည်။

နိုဝင်ဘာ ၁၂။ နာဆီရီယာတွင် ကားဗုံးပေါက်ကွဲမှုကြောင့် အီတလီ ၁၉ ဦးနှင့် အီရတ်ကိုးဦးအပါအဝင် လူ ၂၈ ဦးထက်မနည်း သေဆုံးသည်။

နိုဝင်ဘာ ၂၂။ ဘာကူဘာရဲရုံးချုပ်အပြင်ဘက်နှင့် အနီးရှိ ခန်ဘာနီဆက်ဒ်မြို့ရှိ ရဲစခန်းကို အသေခံဗုံးခွဲသူများက ကားများအတွင်း၌ ဗုံးများဖောက်ခွဲတိုက်ခိုက်သဖြင့် လူ ၁၈ ဦးထက်မနည်း သေဆုံးသည်။

ဒီဇင်ဘာ ၉။ မိုဆူးလ်ရှိ အမေရိကန်စစ်အခြေစိုက်အနီး၌ အသေခံဗုံးခွဲသူတစ်ဦး မောင်းသော ကားဗုံးပေါက်ကွဲသဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ၄၀ ဒဏ်ရာရသည်။ ဘဂ္ဂဒက်ရှိ ဆွန်နီအဆောက်အအုံတစ်ခု၌ ဗုံးပေါက်ကွဲရာတွင် လူ သုံးဦး သေဆုံးသည်။

ဒီဇင်ဘာ ၁၄။ အီရတ်နိုင်ငံအနောက်ဘက် ခါလီဒီယာတွင်ရှိသော ရဲစခန်းကို ကားဗုံးဖောက်ခွဲသဖြင့် ၁၇ ဦးထက်မနည်းသေဆုံးပြီး ၃၃ ဦးဒဏ်ရာရသည်။

ဒီဇင်ဘာ ၁၅။ ဘဂ္ဂဒက်ရှိရဲစခန်းနှစ်ခုကို အသေခံဗုံးခွဲတိုက်ခိုက်သဖြင့် ဗုံးခွဲသူနှစ်ဦးအပါအဝင် လူကိုးဦးသေဆုံးပြီး ၃၀ ဒဏ်ရာရသည်။

ဇန်နဝါရီ ၉။ ဘာကူဘာရှိ ရှီးယားအဆောက်အအုံတစ်ခု၌ သောကြာနေ့က ဗုံးပေါက်ကွဲသဖြင့် လေးဦးထက်မနည်းသေပြီး ဒါဇင်များစွာ ဒဏ်ရာရသည်။

(အင်တာနက်)

သြစတြေးလျနိုင်ငံ၌ တောမီးလောင်ကျွမ်း

ဆစ်ဒနီ ဇန်နဝါရီ ၁၀

သြစတြေးလျနိုင်ငံ နယူးဆောက်သ်ဝေးလ်ပြည်နယ်မှာ လောင်ကျွမ်းလျက်ရှိသော တောမီးများကို မီးသတ်သမား ၅၀၀ကျော်က ငြိမ်းသတ်လျက်ရှိကြောင်း သိရသည်။ ၎င်းတောမီးများကြောင့် အမျိုးသားဥယျာဉ်အတွင်းရှိ ဟက်တာ ၇၀၀ ခန့် လောင်ကျွမ်းခဲ့ပြီး ဒေသခံများအား မီးပွားများကျရောက်မည့်အန္တရာယ် သတိပေးထားရသည်။ အခြားဒေသများသို့ မီးကူးစက်လောင်ကျွမ်းခြင်းမရှိစေရန် ကြိုးစားငြိမ်းသတ်နေသည့်အပြင် သစ်တောများအတွင်း မီးလောင်မှုများကိုလည်း လေကြောင်းမှ စောင့်ကြည့်လျက်ရှိသည်။

ယခုမီးလောင်မှုကို မသမာသူများက တမင်မီးရှို့ခြင်းဖြစ်သည်ဟု ရဲဘက်က ယူဆထားပြီး ကြာသပတေးနေ့ ညပိုင်းက စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကာ ညဘက်၌ ပိုမိုအရှိန်ရလာခဲ့သည်။ ရေကြောင်းမှလည်း မီးသတ်တပ်ဖွဲ့ဝင်များ လာရောက်ကူညီခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် မီးငြိမ်းသတ်ရေးအခက်အခဲကြုံတွေ့နေရသည်။ **(စီအင်န်အင်န်)**

တီကရစ်၌ ခုခံတိုက်ခိုက်မှုများရှိနေဆဲ ဘဂ္ဂဒက်၌ လုံခြုံမှုကင်းဝေးနေ စစ်ပွဲကြောင့် ဆေးဝါးများပြတ်လပ်

မြန်မာ့အလင်း

အီရတ်မြင်ကွင်း

အပေါ်ပုံမှာ ဇန်နဝါရီ ၉ရက်က မြို့တော်ဘဂ္ဂဒက်၌ ကင်းလှည့်နေသော ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စောင့်ကြပ်နေ

အောက်ပုံမှာ ဇန်နဝါရီ ၁၀ ရက်ညက အီရတ်နိုင်ငံ တီကရစ်မြို့၌ လုံခြုံရေး စောင့်ကြပ်နေကြသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပေါက်ကွဲ

ဇန်နဝါရီ ၉ ရက်က ဘာကူဘာ၌ ဗုံးပေါက်ကွဲမှု ဖြစ်ပြီးနောက် ပျက်စီးသွားသော ကားတစ်စီးကို လူအများဝိုင်းအုံကြည့်နေစဉ်။

(အဆောက်အအုံတစ်ခု အပြင် ဘက်၌ အဆိုပါ ဗုံးပေါက်ကွဲခဲ့ရာ၌ လူငါးဦးသေဆုံးပြီး ဒါဇင်များစွာ ဒဏ်ရာရရှိခဲ့ကြသည်။) (ဓာတ်ပုံ-အင်တာနက်)

တိုက်ခိုက်မှုဖြစ်ပွား

အီရတ်တွင် စစ်ပွဲစတင်ဖြစ်ပွားခဲ့သည်မှ ဇန်နဝါရီ ၉ရက် သောကြာနေ့ရောက်သည့်အချိန်ထိ အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၄၉၄ဦးရှိကြောင်း သိရသည်။ ယင်းအနက် ၃၄၂ဦးမှာ တိုက်ပွဲ၌သေဆုံးပြီး ၁၅၂ဦးမှာ တိုက်ပွဲ၌မဟုတ်ဘဲ သေဆုံးခြင်းဖြစ်သည်ဟု ဆိုသည်။ (အောက်ပုံမှာ ဇန်နဝါရီ ၁၀ရက်က ဘဂ္ဂဒက်မြို့ တာဂျီဆင်ခြေဖုံး၌ အမေရိကန် ထောက်ပံ့ရေးယာဉ်တစ်စီး တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးက စောင့်ကြပ်နေစဉ်။) (ဓာတ်ပုံ-အင်တာနက်)

ဝဲပုံမှာ ဇန်နဝါရီ ၁၀ ရက်က ဘာဆာရာမြို့တောင်ပိုင်းရှိ အဘူကာဆစ် ဆေးရုံ၌ ဆေးဝါးများ ရရှိရေးအတွက် ဝိုင်းအုံ၍ ဆေးများတောင်းခံနေစဉ်။

(စစ်ပြီးကာလ၌ ဆေးဝါးများပြတ်လပ်မှုများ ဖြစ်ပေါ်ခဲ့သည်။) (ဓာတ်ပုံ-အင်တာနက်)

အီရတ်တို့အား အုပ်ချုပ်ရေးလွှဲပေးမည့်အစီအစဉ် တရားမျှတမှုမရှိကြောင်း အီရတ်အကြီးအကဲတစ်ဦး ဝေဖန်

ဘဂ္ဂဒက် ဇန်နဝါရီ ၁၀

အမေရိကန်တို့က အီရတ် ကြားဖြတ်အုပ်ချုပ်မှုကောင်စီသို့ အုပ်ချုပ်ရေးလွှဲပြောင်းပေးရန် စီစဉ်ဆောင်ရွက်နေကြောင်း ပြောကြားခဲ့သော်လည်း အီရတ်အကြီးအကဲတစ်ဦးဖြစ်သည့် အလီအယ်လ်စစ္စတာနီက ၎င်းဆောင်ရွက်မှုများမှာ မျှတမှုမရှိကြောင်း ဝေဖန်ပြောကြားလိုက်သည်။ ကာဘာလာမြို့တွင် နေထိုင်သူ အလီအယ်လ်စစ္စတာနီသည် အီရတ်နိုင်ငံတွင်း ဘာသာရေးခေါင်းဆောင်တစ်ဦးဖြစ်ပြီး နိုင်ငံရေးနှင့်ပတ်သက်ပြီး လူသိရှင်ကြားဝေဖန်မှုများ ပြုလုပ်လေ့မရှိကြောင်း သိရသည်။

ဝေဖန်

သို့ရာတွင် အမေရိကန်တို့ စိတ်ကြိုက်ရွေးချယ် ခန့်အပ်ထားသော အီရတ်ကြားဖြတ်အုပ်ချုပ်မှုကောင်စီသို့ အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ်များသည် အီရတ်ပြည်သူတို့၏ ဆန္ဒကို မဖော်ဆောင်ကြောင်း ဝေဖန်ပြောကြားလိုက်သည်။ အမရိကန်နှင့် အီရတ်ကောင်စီတို့၏ အစီအစဉ်အရရွေးထွေးလှသော ဒေသဆိုင်ရာကော်မတီများမှ တစ်ဆင့်အီရတ်ပါလီမန်ကို ရွေးကောက်မည်ဖြစ်သည်။ အယ်လ်စစ္စတာနီကမူ ပြည်သူများ၏ တိုက်ရိုက်ပါဝင်မှုကို လိုလားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆွေးနွေးမည်

ထို့အပြင် အယ်လ်စစ္စတာနီနှင့် အုပ်ချုပ်မှုကောင်စီဝင်အချို့က အာဏာလွှဲပြောင်းရေးလုပ်ငန်းစဉ်မှာ အဆင်ပြေချောမွေ့စေရေးအတွက် ကုလသမဂ္ဂက ပါဝင်ဆောင်ရွက်စေလိုကြသည်။ ယင်းကိစ္စနှင့်ပတ်သက်ပြီး အမေရိကန်ဦးဆောင်သော အပေါင်းပါများက လက်မခံချင်ဘဲဖြစ်နေသည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကိုဖီအာနန်သည် ဇန်နဝါရီ ၁၉ ရက်တွင် အီရတ်အုပ်ချုပ်မှုကောင်စီမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးရန် ရှိသည်။ **(စီအင်န်အင်န်)**



ဇန်နဝါရီ ၁၀ ရက်က ကယ်ကွတ်မြို့တွင် စစ်ယာဉ်များဖြင့် ကင်းလှည့်နေသော အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တီကရစ်မြို့တွင် အိမ်နှင့်ဆိုင်များကို အမေရိကန်တို့ဝင်ရောက်ရှာဖွေ မသင်္ကာသူ အီရတ် ၄၀ ကျော်ကို ဖမ်းဆီးခေါ်ဆောင်

တီကရစ် ဇန်နဝါရီ ၁၀

အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သော တီကရစ်တွင် ကြာသပတေးနေ့ညက အိမ်များနှင့် ဈေးဆိုင်များအတွင်းသို့ အတင်းဝင်ရောက်ကာ မွှေနှောက်ရှာဖွေ ခဲ့ကြပြီးနောက် အီရတ်ကိုသိမ်းပိုက်ထားသည့် အမေရိကန်တပ်များကို တိုက်ခိုက်သူများဟု ၎င်းတို့မသင်္ကာဖြစ်သော လူ ၄၀ ကျော်ကို အတင်းဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြသည်။

စီးနင်းရှာဖွေ

နောက်ပိုင်း၌ လူ ၁၆ ဦးကို လွှတ်လိုက်သော်လည်း ၃၀ ခန့်ကို ဖမ်းဆီးမြဲ ဖမ်းဆီးထားသည်။ ကြာသပတေးနေ့က အမေရိကန်တပ်များသည် သတင်းအရဆိုကာ အိမ် ၂၀ ထက်မနည်းနှင့် ဈေးဆိုင် သုံးဆိုင်ကို အတင်းဝင်ရောက်စီးနင်းပြီး ရှာဖွေခဲ့ကြသည်။

စွပ်စွဲပြောဆို

အမေရိကန်တပ်များက ထိုသို့ဝင်ရောက်စီးနင်းရှာဖွေရာ၌ သူတို့သည် ငွေကြေးပံ့ပိုးသူများဖြစ်ကြောင်း၊ စည်းရုံးလှုံ့ဆော်သူများဖြစ်ကြောင်း၊ ဝါဒဖြန့်သူများဖြစ်ကြောင်း စွပ်စွဲပြောဆိုခဲ့ကြသည်။ အမေရိကန်တပ်ဖွဲ့ဝင်များ၏ လုပ်ရပ်ကြောင့် အီရတ်ပြည်သူတို့ ဒေါသထွက်လျက်ရှိသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ်ကိုကျူးကျော်ရန် ဘုရှ်နည်းလမ်းရှာခဲ့ ဘဏ္ဍာရေးဝန်ကြီးဟောင်း စွပ်စွဲရေးသား

နယူးယောက် ဇန်နဝါရီ ၁၁

အမေရိကန်သမ္မတ ဂျော့ဂ်ျဒဗလျူဘုရှ်သည် ၂၀၀၁ခုနှစ် ဇန်နဝါရီလ၌ သမ္မတတာဝန်ကို စတင်ယူခဲ့ချိန်၌ အီရတ်နိုင်ငံထဲသို့ ကျူးကျော်ဝင်ရောက်ရန်ကြံရွယ်ခဲ့ပြီး နည်းလမ်းရှာခဲ့သည်ဟု ဘဏ္ဍာရေးဝန်ကြီးဟောင်း ပေါလ်အိုနီးလ်၏ စာအုပ်သစ်တွင် စွပ်စွဲရေးသားထားသည်။

အတွင်းလူ

အိုနီးလ်သည် ဘုရှ်၏စီးပွားရေးအဖွဲ့ကို လှုပ်ခါချသည့်ဆောင်ရွက်မှုအစိတ်အပိုင်းအဖြစ် ၂၀၀၂ခုနှစ် ဒီဇင်ဘာလ၌ သမ္မတကို တိုက်ခိုက်သော ဘုရှ်အစိုးရ၏ပထမဆုံးအဓိကအတွင်းလူ ဖြစ်လာခဲ့သည်။

ခိုင်းနှိုင်း

မစ္စတာအိုနီးလ်က အစိုးရဝန်ကြီးအဖွဲ့အစည်းအဝေး၌ ဘုရှ်သည်နားပင်းနေသူများအပြည့်ရှိသော အခန်းတွင်းမှ မျက်မမြင်လူတစ်ယောက်နှင့်တူကြောင်း ခိုင်းနှိုင်းပြောဆိုခဲ့သည်။ အီရတ်ကို စစ်တိုက်ရန်အတွက် ဘုရှ်သည်အီရတ်၌ အဖျက်စွမ်းအားကြီးသော လက်နက်များ ပိုင်ဆိုင်ထားသည် ဆိုသော အကြောင်းပြချက်ကိုအသုံးပြုခဲ့ကြောင်း၊ လက်နက်များကို မည်သည့်အခါကမျှ မတွေ့ခဲ့ကြောင်း ၎င်းက ပြောဆိုသည်။

ဖော်ပြ

အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဟောင်းနှင့် အခြားအိမ်ဖြူအတွင်းလူများ ထုတ်ဖော်ပေးသော ၂၀၀၁ခုနှစ် ပထမသုံးလအတွင်းက စာရွက်စာတမ်းများသည် ဆက်ဒမ်ဟူစိန်ကို ဖယ်ရှားရေးအတွက် စစ်ရေးနည်းလမ်းကို ရွေးချယ်သည့် ဘုရှ်အစိုးရ၏ ဆန်းစစ်ချက်ကို ဖော်ပြထားသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာသတင်းများ

အီရတ်၏ ဖျက်အားပြင်းလက်နက်ကိစ္စ ဘုရှ်အစိုးရ စနစ်တကျ ပုံကြီးချဲ့ခဲ့ခြင်းဖြစ်

ဝါရှင်တန် ဇန်နဝါရီ ၈

သမ္မတဘုရှ်၏ အမေရိကန်အစိုးရသည် အီရတ်နိုင်ငံ၏ အဖျက်စွမ်းအားကြီးမားသောလက်နက်များ၏ ခြိမ်းခြောက်မှုကိုစနစ်တကျပုံကြီးချဲ့ဖော်ပြထားခြင်းသာဖြစ်ကြောင်းဖြင့် ဝါရှင်တန်အခြေစိုက်ပညာရှင်အဖွဲ့တစ်ခုဖြစ်သော နိုင်ငံတကာငြိမ်းချမ်းရေး ရာကာနက်ဂျီအဖွဲ့က ယမန်နေ့က ဝေဖန်လိုက်သည်။

အီရတ်နိုင်ငံ၌ ယခုတိုင်အဖျက်စွမ်းအားကြီးမားသော လက်နက်များ(ဒဗလျူအမ်ဒီ)နှင့် စပ်လျဉ်း၍ သက်သေခံသဲလွန်စမတွေ့ရှိသေးသည့် အမေရိကန်အစိုးရကို ကာနက်ဂျီအဖွဲ့၏ အစီရင်ခံစာက ထပ်မံထိုးနှက်ခံလိုက်ရသကဲ့သို့ ရှိသည်။ (အင်တာနက်)

နိုင်ငံခြားကုန်သွယ်မှု ရှန်တုန်မြင့်တက်ခဲ့

ကျီနန် ဇန်နဝါရီ ၁၀

တရုတ်ပြည်အရှေ့ဘက် ရှန်တုန်ပြည်နယ်တွင် နိုင်ငံခြားကုန်သွယ်မှုသည် ပြီးခဲ့သည့်နှစ်၌ လျင်မြန်စွာတိုးတက်ခဲ့သည်ကို တွေ့ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး ဟန်ယုကွန်က ပြောကြားသည်။

ပြည်နယ်၏ စုစုပေါင်း နိုင်ငံခြားကုန်သွယ်မှုသည် ပြီးခဲ့သည့်နှစ်၌ ဒေါ်လာ ၄၄ ဒသမ ၆ ဘီလီယံထိရှိခဲ့ရာနှစ်အလိုက်၃၁ ဒသမ၆ ရာခိုင်နှုန်းတိုးခဲ့သည်ဟု မစ္စတာဟန်က ပြောကြားသည်။

ရှန်တုန်၏ ပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၂၆ ဒသမ ၆ဘီလီယံရှိခဲ့ရာ ၂၀၀၂ခုနှစ်မှစ၍ ၂၅ ဒသမ ၉ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်စစ်ပွဲဆင်နွှဲခြင်းသည် အမှားကြီးမှားဟုဆို

နယူးယောက် ဇန်နဝါရီ ၁၀

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဟောင်းကောလင်းပါဝဲလ်ကအီရတ်ခေါင်းဆောင်ဆက်ဒမ်ဟူစိန်သည် မည်သည့်အခါမျှ အယ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟူသော ခိုင်မာသည့်အထောက်အထားမျိုးမရှိခဲ့ပါဟု ယမန်နေ့က ထုတ်ဖော်ဝန်ခံပြောကြားခဲ့သည်။

ဝန်ခံ

အစီရင်ခံစာအသစ်တစ်ခု၏ တွေ့ရှိချက်အရ အီရတ်နိုင်ငံသည် ယင်း၏ အဖျက်စွမ်းအားကြီးမားသော လက်နက်များ ထုတ်လုပ်ရေးအစီအစဉ်ကို နှစ်အတန်ကြာကပင် ရပ်ဆိုင်းထားခဲ့ပြီးဖြစ်၍ ထိုလက်နက်များဖြင့် ခြိမ်းခြောက်လာမည့်အန္တရာယ်မရှိကြောင်း သိရှိခဲ့ရသည်ဟုဆိုသည်။ အဆိုပါ အစီရင်ခံစာ ထွက်ပေါ်လာပြီးနောက်ပိုင်း နိုင်ငံခြားရေးဝန်ကြီးက အထက်ပါအတိုင်း ဝန်ခံပြောကြားခဲ့ခြင်းဖြစ်သည်။

လွှမ်းမိုးခဲ့

ဝါရှင်တန်အခြေစိုက် ကာနီဂျီအင်ဒေါင်းမင့် အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးအဖွဲ့မှ ထုတ်ပြန်သော အစီရင်ခံစာတွင် အမေရိကန်နိုင်ငံက အီရတ်နိုင်ငံကို စစ်ပွဲဆင်နွှဲခြင်းသည် အမှားကြီးမှားကြောင်း၊ စစ်တိုက်နိုင်စေရန်အတွက် သမ္မတဘုရှ်အစိုးရသည် အမေရိကန်ထောက်လှမ်းရေးအဖွဲ့အပေါ် မသင့်လျော်သော ဩဇာသုံးစွဲပြီးလွှမ်းမိုးခဲ့ကြောင်း ဖော်ပြထားသည်။

ရပ်သိမ်း

ထိုထုတ်ပြန်ချက်နှင့် လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေသည် တိုက်ဆိုင်မှုရှိနေသည်ကို တွေ့ရသည်ဟု ဆိုသည်။ အမေရိကန်ထောက်လှမ်းရေးမှ ဒေဗစ်ကေးခေါင်းဆောင်သော အီရတ်၏ဖျက်အားပြင်း လက်နက်များ ရှာဖွေရေးအဖွဲ့၏ ထုတ်ပြန်ချက်နှင့် တိုက်ဆိုင်နေသည်။ ထိုအဖွဲ့သည် အင်အား ၁၄၀၀ ဖြင့် လက်နက်များ ရှာဖွေကြပြီး ယခုအခါ မတွေ့ရသောကြောင့် လုပ်ငန်းများ စတင်ရပ်သိမ်းနေပြီဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ဇန်နဝါရီ ၁၀ရက်က အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲကိုဆက်လက်ကျင်းပရာ လိဒ်စ်ယူနိုက်တက်နှင့် တော့တင်ဟမ်ဟော့စပါးအသင်းတို့ယှဉ် ပြိုင်ကစားစဉ်။ (ယင်းပွဲတွင် တော့တင်ဟမ်ဟော့စပါးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။) (ဓာတ်ပုံ-အင်တာနက်)

သဲအင်းဂူခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမူနှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဩဝါဒါစရိယနှင့် ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တကုန္တာဝံသနှင့် ဘဒ္ဒန္တဇဝနတိက္ခဆရာတော်(မုံရွာ) အရှင်သူမြတ်နှစ်ပါးတို့က ဇန်နဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ခုနစ်ရက်တရားစခန်း ဖွင့်လှစ်ဟောကြားပြသမည်ဖြစ်သည်။ **(က-ပ)**

စက်မှုစွမ်းအား ခေတ်ကျော်လွှား ၂၀

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရောဝတီတိုင်းအမျိုးသမီးရေးရာအဖွဲ့ဝင်များအားဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ရှင်းလင်း အမျိုးသမီးဖွံ့ဖြိုးရေးလုပ်ငန်းများ အားနှင့်မာန်နှင့်လုပ်ဆောင်ရန်မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေခေါင်းဆောင်၍ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူတို့သည် ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ လုပ်ငန်းဆိုင်ရာရှင်းလင်းရန်အတွက် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ရောဝတီတိုင်း ပုသိမ်မြို့ တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာသို့ နံနက်၁၁နာရီတွင် ရောက်ရှိကြသည်။

တက်ရောက်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့်စပ်လျဉ်း၍ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအား လုပ်ငန်းရှင်းလင်းသည့် အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်လတ်နှင့် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ အမျိုးသမီးရေးရာ အထောက်အကူပြုအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ တိုင်းအမျိုးသမီးရေးရာနာယက အဖွဲ့ဝင်များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပုသိမ်၊ဟင်္သာတ၊မြောင်းမြ၊မအူပင်၊ ဖျာပုံခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပုသိမ်မြို့ပေါ်နှင့် ကန်ကြီးထောင့်မြို့ပေါ်ရှိ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ စုစုပေါင်းအင်အား ၄၅၀ ခန့် တက်ရောက်ကြသည်။

စနစ်တကျအကောင်အထည်ဖော်

အစည်းအဝေးတွင် ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာအမျိုးသမီးများကဏ္ဍဆိုင်ရာ ကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့် တာဝန်ယူဆောင်ရွက်နိုင်ရန် ဖွဲ့စည်းပေးလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းရန် လာရောက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီသည် ကော်မတီတစ်ရပ်အနေဖြင့် ကြီးမားကျယ်ပြန့်လှသည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အရေးအရာကိစ္စများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ထိရောက်ကျယ်ပြန့်စွာ လွှမ်းခြုံနိုင်ရေးအတွက် အကန့်အသတ်များရှိနေကြောင်း၊ ယခုဖွဲ့စည်းလိုက်သည့် အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက်ရော၊ အမျိုးသမီးထုအတွက်ပါ အကျိုးဖြစ်ထွန်းစေမည့်အဖွဲ့ကြီးတစ်ရပ်ဟု ဆိုနိုင်ကြောင်း၊ အဖွဲ့ချုပ်ကြီး ပေါ်ပေါက်လာပြီးနောက် အမျိုးသမီးများ အနေဖြင့် အဖွဲ့ဝင်အဖြစ် မိမိဆန္ဒအလျောက် လိုလိုလားလား ပါဝင်လာကြမှာအမှန်ပင် ဖြစ်ပါကြောင်းနှင့် လုပ်ငန်းရပ်များကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းရွှေက အမျိုးသမီးရေးရာအဖွဲ့၏ ဖွဲ့စည်းပုံနှင့် အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်ပုံများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်က ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်စန်းက အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေး၊ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေး၊ ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင် ဒေါ်သိန်းသိန်းညွန့်က ယဉ်ကျေးမှုနှင့် အမျိုးသမီးငယ်ရွယ်လုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကိုလည်းကောင်း၊ ပြန်ကြားဆက်သွယ်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မြမြက ပြန်ကြားဆက်သွယ်ရေးနှင့် တိုင်းရင်းသား ရေးရာလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ခေါင်းဆောင် ပါမောက္ခ ဒေါ်ခင်သိန်းရီက စည်းရုံးရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ဘဏ္ဍာရေး၊ စီမံရေးရာလုပ်ငန်းအဖွဲ့များ၏ တာဝန်ဝတ္တရားများကို လည်းကောင်း အသီးသီးရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက လိုအပ်သည် များကို ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ညနေပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေနှင့် အဖွဲ့သည် ရောဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ တွေ့ဆုံပွဲကို တိုင်းစစ်ဌာနချုပ် ဧည့်ရိပ်သာ၌ ဆက်လက်ကျင်းပသည်။

အဆိုပါတွေ့ဆုံပွဲ၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ရှင်းလင်းဆွေးနွေးသည့် ဖွဲ့စည်းပုံနှင့်စပ်လျဉ်းသည့်အချက်အလက်များ၊ ရှေ့ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရောဝတီတိုင်း အမျိုးသမီးရေးရာ အဖွဲ့ဝင်များက သိလိုသည်များကို မေးမြန်းတင်ပြကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ရောဝတီတိုင်း ပုသိမ်မြို့သို့ ရောက်ရှိနေသော မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်လတ်နှင့် တာဝန်ရှိသူတို့သည် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ငွေဆောင်ကျေးရွာမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ ကျေးရွာကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည့် အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှသွင်က ငွေဆောင်ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ရေရရှိမှု၊ ဆည်တည်ဆောက်မှု၊ လျှပ်စစ်ဓာတ်အားရရှိမှု၊ ကျေးရွာနေ ပြည်သူများ အလုပ်အကိုင်ရရှိမှုအခြေအနေတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

အားနှင့်မာန်နှင့်လုပ်ဆောင်

အစီအစဉ်အရ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ရောဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းရေးကိစ္စနှင့် စပ်လျဉ်း၍ ရောက်ရှိနေခြင်းဖြစ်ကြောင်း၊ ငွေဆောင်ကျေးရွာရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များနှင့် တွေ့ဆုံလိုသည့် ဆန္ဒဖြစ်ပေါ်လာသည့်အတွက် ယခုကဲ့သို့ တရင်းတနှီးဖြစ်စေရန်အတွက် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း၊ ငွေဆောင်ကျေးရွာသည် ဖွံ့ဖြိုးမှုမြန်ဆန်ပြီး ကမ်းခြေဒေသဖွံ့ဖြိုးရေးဇုန်အဖြစ် ရပ်တည်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်ကြောင်း၊ ဖွံ့ဖြိုးမှုအရှိန်အဟုန်မြင့်မားစေရန် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုကို သာမက ရပ်မိရပ်ဖများ၏ စေတနာထား၍ ကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူထဲက လူတန်းစားအသီးသီးတို့ကလည်း မိမိကျေးရွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်ကြောင်း၊ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ မိမိတို့၏ အမျိုးသမီးရေးရာ ကော်မတီအနေဖြင့် ပြည်နယ်နှင့်တိုင်းအသီးသီးသို့ အမျိုးသမီးများအတွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကဏ္ဍများ ကွင်းဆင်းလေ့လာခဲ့ပြီး အမျိုးသမီးထုနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်းပေးခဲ့ကြောင်း၊ ယခုအခါ အမျိုးသမီးရေးရာ ကိစ္စအဝဝတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်အတွက် အစိုးရမဟုတ်သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်ကို ၂၀-၁၂-၂၀၀၃ ရက်က နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊အမျိုးသမီးဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်နှင့် တိုင်းများမှသည် ရပ်ကွက်ကျေးရွာအထိ အမျိုးသမီးရေးရာလုပ်ငန်းကဏ္ဍ ၁၄ ဖွဲ့ ဖွဲ့စည်းထားရှိကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးရေးလုပ်ငန်းများ ကျယ်ပြန့်လာပြီဖြစ်သည့်အတွက် အားလုံးပါဝင်၍ အားနှင့်မာန်နှင့် လုပ်ဆောင်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ကျင်စန်းက အမျိုးသမီးများဘဝလုံခြုံမှုဆိုင်ရာ သိကောင်းစရာနှင့်စပ်လျဉ်း၍ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရာတွင် အဟန့်အတားဖြစ်စေသော အမျိုးသမီးများအကြမ်းဖက်ခံရမှုများလျော့နည်းသွားအောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် အကျယ်တဝင့်ဆွေးနွေးပြောကြားသည်။

ငွေဆောင်ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌက ကျေးရွာနေ အမျိုးသမီးတို့အတွက် ဆောင်ရွက်ပေးသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆရာဝန်တင်ရွှေစာပေဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ဒုတိယအကြိမ် ဆရာဝန်တင်ရွှေစာပေဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက်၉နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမျိုးသန့်(မောင်ဆုရှင်)က စာပေဆုစိစစ်ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က ဆရာဝန်တင်ရွှေစာပေဆုပြိုင်ပွဲတွင် "ဥပမိရုပ်"စာအုပ်ဖြင့် ဆုရရှိသူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)နှင့်"စနေသား၏ဘဝတိုက်ပွဲများ"စာအုပ်ဖြင့် ဆုရရှိသူ ဦးတင်ဦး(နာဂတင်ဦး)တို့ကို ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ဆရာဝန်တင်ရွှေ၏ဇနီး ဒေါ်အေးသန့်က ဆုရွေးချယ်ရေးအဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်သူ စာရေးဆရာများအား ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်သည်။

ဆရာဝန်တင်ရွှေစာပေဆုကို "မြန်မာစာပေတွင် နိုင်ငံသားတို့အတွက် အသိအမြင်၊ ဗဟုသုတတိုးပွားစေသော စာအုပ်စာပေများ ပွားများရေးအတွက် အားပေးရန်၊ နှစ်စဉ် စာအုပ်စာမူတစ်မျိုးမျိုးကို မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့်ရွေးချယ်၍ ချီးမြှင့်ရန်၊ မြန်မာစာပေကို ဘက်စုံဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ရေးနှင့် စာရေးဆရာတို့၏ ဘဝဖူလုံရေးကို စာပေဆုချီးမြှင့်ခြင်းဖြင့် တစ်နည်းတစ်လမ်းကူညီရန်" ရည်ရွယ်၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ကူညီမှုကိုရယူကာ နှစ်စဉ်မပြတ် ဆုချီးမြှင့်သွားမည်ဟုသိရသည်။ **(သတင်းစဉ်)**

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဇန်နဝါရီ ၁၁

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များက လွတ်လပ်ရေးနေ့ သဝဏ်လွှာများ အသီးသီး ဆက်လက်ပေးပို့လျက်ရှိသည်။

ဘူတန်နိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဘူတန်နိုင်ငံ ဘုရင် ဂျစ်မီဆင်းဂျီစန်ချွတ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများထံ ဘူတန်ပြည်သူများကိုယ်စားနှင့် မိမိကိုယ်တိုင်လှိုက်လှဲနွေးထွေးစွာ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ပါကြောင်း၊ အဆွေတော် ကျန်းမာ ပျော်ရွှင်စေရန် မြန်မာပြည်သူများ ဆက်လက်ငြိမ်းချမ်းသာယာဝပြောပြီး ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတနိုင်ဂျီးရီးယားနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံသမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် အိုလူဆီဂွန်အိုဘာဆန်ဂျိုထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကျန်းမာရေးကောင်းမွန်စေရန် မြန်မာနိုင်ငံ ပြည်သူများ ဆက်လက်၍ ငြိမ်းချမ်းသာယာပြီး ကြီးပွားတိုးတက်စေရန် ဆုမွန်ကောင်းများ ပို့သပါကြောင်း ဖော်ပြပါရှိသည်။

ဆာဗီးယားနှင့်မွန်တီနီဂရိုနိုင်ငံ

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၄ ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ဆာဗီးယားနှင့် မွန်တီနီဂရိုနိုင်ငံသမ္မတ မစ္စတာဆဗက်တိုဇာမာရိုဗစ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်၏ ပြည်ထောင်စုမြန်မာနိုင်ငံပိုမိုကြီးပွားတိုးတက်စေရန် ဆာဗီးယားနှင့် မွန်တီနီဂရို ပြည်သူများကိုယ်စားနှင့် မိမိကိုယ်တိုင် အဆွေတော်ထံသို့ ဆုမွန်ကောင်းများပို့သပြီး ဝမ်းမြောက်ဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပါကြောင်း ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံသို့ ဆာဗီးယားနှင့်မွန်တီနီဂရိုနိုင်ငံသမ္မတ မစ္စတာ ဆဗက်တိုဇာမာရိုဗစ်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

(ဆက်လက်ဖော်ပြပါမည်။)

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

● **ကျော်ဖုံးမှ**

ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၆ နာရီ ၂၅မိနစ်တွင် ရောက်ရှိလာကြပြီး ဂေါက်သီးရိုက် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းတို့က Smoke Ball ကိုရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ယှဉ်ပြိုင်

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေးနှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာတို့ အတွဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းတို့ အတွဲ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းတို့ အတွဲသည် ၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင်ပါဝင်ကစားကြပြီး ပြိုင်ပွဲဝင်အသင်း ၁၇ သင်းတို့မှ ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည်လည်း ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲကို ယနေ့နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တပ်မတော်ဂေါက်ကွင်း၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တပ်မတော်ဂေါက်ကွင်းသို့ရောက်ရှိလာပြီး ဂေါက်သီးရိုက် ယှဉ်ပြိုင်မှုကို လှည့်လည်ကြည့်ရှုအားပေးသည်။



ဖွင့်လှစ်

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှဗိုလ်ချုပ်ကြီးသူရရွှေမန်း Smoke Ball ကိုရိုက်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် နောက်ဆုံးနေ့ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် အသင်း ၁၇ သင်းတို့မှ ဂေါက်သီး ရိုက်အားကစားသမားများက ဆက်လက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲ ပွဲစဉ်များအားလုံး ညနေပိုင်းတွင် ကျင်းပပြီးစီးသွားသည်။

မြန်မာ ICT ရက်သတ္တပတ်
၂၀၀၄ ခုနှစ်
(၂၁-၁-၂၀၀၄)ရက်မှ (၂၇-၁-၂၀၀၄)ရက်ထိ
MICT Park ၊ ရန်ကုန်မြို့

Network Game ပြိုင်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး အဆောက်အအုံ(MICT Park) နှစ်ပတ်လည်အခမ်းအနားနှင့်အိုင်စီတီ ရက်သတ္တပတ် အခမ်းအနားတွင် Myanmar National Counter Strike Championships Network Game ပြိုင်ပွဲကို MICT Week အတွင်း ဇန်နဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ အမျိုးသားအဆင့် မြင့်ပြိုင်ပွဲ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို အကြီးတန်း၊အငယ်တန်းဟူ၍ နှစ်မျိုးခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်လိုသော အသင်းများသည် (1)net-Zone,(2)red apple,(3)inet,(4)Cyber City net Bar,(5)the goons,(6)Xgamerz (7)Lan Wizards,(8)MSM Internet Cafe များ၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ညနေ ၅ နာရီတွင် တပ်မတော်ဂေါက်ကွင်းခန်းမဆောင်၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အားကစားသမားများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဆုချီးမြှင့်ပွဲ အခမ်းအနား၌ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းက အသင်းလိုက် (အကျောပေး)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၅၅၇ ချက်ဖြင့် ပထမဆုရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်း၊ အသားတင်ရိုက်ချက် ၅၇၈ ချက်ဖြင့် ဒုတိယဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းနှင့် အသားတင်ရိုက်ချက် ၅၉၁ ချက်ဖြင့် တတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းတို့အား ဆုများကို ချီးမြှင့်ပေးအပ်ပြီး ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းက အသင်းလိုက်(အကျောမဲ့)ပြိုင်ပွဲတွင် စုစုပေါင်းရိုက်ချက် ၆၇၄ ချက်ဖြင့် ပထမဆုရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်း၊ စုစုပေါင်းရိုက်ချက် ၇၁၂ချက်ဖြင့် ဒုတိယဆုရ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းနှင့် စုစုပေါင်းရိုက်ချက် ၇၃၉ ချက်ဖြင့် တတိယဆုရ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းတို့အားဆုများကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တစ်ဦးချင်း (အကျောပေး) ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၂၇ ချက်ဖြင့် ပထမဆုရ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အသင်းမှ ဗိုလ်တင်ရွှေ၊ အသားတင်ရိုက်ချက် ၁၃၂ ချက်ဖြင့် ဒုတိယဆုရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းမှ ဒုတိယဗိုလ်မှူးကြီးသန်းလွင်၊ အသားတင်ရိုက်ချက် ၁၃၂ ချက်ဖြင့် တတိယဆုရ အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးဇော်ဝင်းတို့အားလည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက တစ်ဦးချင်း (အကျောမဲ့)ပြိုင်ပွဲတွင် အသားတင်ရိုက်ချက် ၁၅၂ ချက်ဖြင့် ပထမဆုရ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးခင်ဇော်ဝင်း၊ အသားတင်ရိုက်ချက် ၁၆၂ချက်ဖြင့် ဒုတိယဆုရ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်မှူးတင်ကိုကို၊ အသားတင်ရိုက်ချက် ၁၆၃ချက်ဖြင့် တတိယဆုရ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းမှ ဗိုလ်တင်ရွှေတို့အားလည်းကောင်း ဆုများကိုချီးမြှင့်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက (ပါ)အများဆုံးဆုနှင့်(ဘာဒီ) အများဆုံးဆု ရရှိကြသူများအား ဆုများကိုချီးမြှင့်ပေးအပ်သည်။

ထို့နောက် စစ်ထောက်ချုပ်ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက ပြိုင်ပွဲပထမနေ့နှင့်ဒုတိယနေ့တို့အတွက် နေ့အလိုက် တစ်ဦးချင်း(အကျောပေး) အကောင်းဆုံးဆုနှင့် တစ်ဦးချင်း (အကျောမဲ့) အကောင်းဆုံးဆု ရရှိကြသူများအား ဆုများကိုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အဝေးဆုံးရိုက်ချက်ဆု၊ ကျင်းနှင့်အနီးဆုံးရိုက်ချက်ဆုနှင့် အကြိုးစားဆုံးအသင်းဆုရရှိကြသူများ အားဆုများကို ချီးမြှင့်ပေးအပ်သည်။

(အကျောပေး)ပြိုင်ပွဲတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်းက အသားတင်ရိုက်ချက် ၅၅၇ ချက်ဖြင့် ပထမရရှိပြီး (အကျောမဲ့) ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းက စုစုပေါင်းရိုက်ချက် ၆၇၄ ချက်ဖြင့် ပထမရရှိကြသည်။

ထို့နောက် (အကျောပေး)ပြိုင်ပွဲတွင် ပထမရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်မြတ်ဟိန်းတို့သည် ဆုရရှိသည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) အသင်းတို့မှ ဂေါက်သီးရိုက်အားကစားသမားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြသည့် ဂေါက်သီးရိုက်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးသည်။ **(သတင်းစဉ်)**

၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များက ဆုရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)အသင်းတို့နှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

၂၀၀၃-၂၀၀၄ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသည့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏တံခွန်စိုက်ဆုဖလားကြီးကို ချီးမြှင့်ပေးအပ်စဉ်။ (သတင်းစဉ်)

တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တပ်မတော်နေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပသည့်ကျောင်းများကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ယနေ့နံနက်ပိုင်းတွင် ၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် အခြေခံပညာကျောင်းများ စာပေ၊ အနုပညာပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီကကြီးမှူး၍ အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပသည့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းနှင့် တာမွေမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းများသို့ လှည့်လည်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ (၅၉) နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင်ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသားကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီတွင် တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ တာမွေမြို့နယ် ပညာရေးမှူး ဦးဝမ်းမောင်၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်လှစိန်နှင့် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသော ကျောင်းသူများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အတွက်အလှူငွေကျပ်သုံးသောင်းကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်လှူဒါန်းပြီး ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၂-၁-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၁၅	၂။	တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူ အပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၅၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၀၀	၇။	ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၅	၈။	ကံတင်ဘီးလင်းရေလှောင်တမံ
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၀	၄။	တေးဂီတအစီအစဉ်
၁၆း၅၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
၁၇း၀၅	၆။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၁၅	၇။	အကပဒေသာ
၁၇း၃၀	၈။	မြန်မာ့ရိုးရာတောခလေ့ကျေးလက်တေးသံသာများ
၁၇း၄၅	၉။	တေးဂီတအစီအစဉ်
၁၈း၀၀	၁၀။	မြန်မာစာမြန်မာစကား
၁၈း၁၅	၁၁။	Discovery
၁၈း၃၀	၁၂။	ညနေခင်းသတင်း
၁၉း၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၄။	Milo Success in Soccer
၁၉း၁၀	၁၅။	ကပ်တဲလ်ကြိုးတံတား
၁၉း၂၀	၁၆။	တေးဂီတအစီအစဉ်
၁၉း၃၅	၁၇။	စက်မှုစွမ်းအားခေတ်ကျော်လွှား
၁၉း၄၅	၁၈။	Myanmar ICT Week ဂုဏ်ပြုအစီအစဉ်(အပိုင်း-၁)
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ "**တုံ့မယူလို**"(အပိုင်း-၁၂)

ဝိပဿနာခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်ကကြီးမှူးလျက် ကမ္မဋ္ဌာန်းဆရာကြီးဦးသန်း(မဟာသဒ္ဓမ္မဇောတိကဓဇ)ဦးဆောင်သော မြန်မာလကွယ်နေ့တိုင်းဖွင့်လှစ်မြဲဖြစ်သည့် (၅၇)ကြိမ်မြောက် အနာဂါမ်ဆရာသက်ကြီး ဝိပဿနာခုနစ်ရက် တရားစခန်းကို သန်လျင်မြို့ နာရီစင်အနီး ဝိဇ္ဇာလမ်းရှိ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ တရားရိပ်သာ၌ဇန်နဝါရီ၂၁ရက် ညနေ ၆နာရီတွင်ဖွင့်လှစ်မည်ဖြစ်သည်။တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း–၂၅၄၉၀၆သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။ (က–ပ)

သားငါးပွံ့ဖြိုး ပြည်အကျိုး

လွတ်လပ်ရေးအရသာ

ဦးမောင်မောင်စိုးတင့် (အငြိမ်းစားသံအမတ်ကြီး)

အချုပ်အခြာအာဏာပိုင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ ဝေဟင်မှာ ပျံသန်းနေတဲ့ မြန်မာ့လေကြောင်းပိုင် လေယာဉ်ပျံနဲ့ကျွန်တော် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့ကို ၂၅–၁၂–၂၀၀၃ ရက်က ခရီးစထွက်ခဲ့ပါတယ်။ ဟဲဟိုးလေဆိပ်မှာ ခေတ္တရပ်နားစဉ်ကလဲ နိုင်ငံတော်ရဲ့အလံက နံနက်လေအေးမှာ တလွင့်လွင့်၊ တာချီလိတ်လေဆိပ်မှာလဲ အလံတော်က ကောင်းကင်ပြာနှင့် စိမ်းလန်းတဲ့ တောင်တန်းတွေကို နောက်ခံထားပြီး ဝင့်ကြွားစွာ တလွင့်လွင့်ပါ။ ကျွန်တော် ဝမ်းသာဂုဏ်ယူနေမိတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်သားတစ်ဦးအနေနဲ့ ဝမ်းသာဂုဏ်ယူနေခြင်းဖြစ်ပါတယ်။ လွတ်လပ်ရေးအရသာကို ကျွန်တော်နှစ်သက်မြတ်နိုးစွာ ခံစားနေရပါတယ်။

ကျွန်တော် ၁၉၈၅ခုနှစ် စက်တင်ဘာလ ၁၉ရက် နံနက်ခင်းကို ပြန်လည်သတိရမိပါတယ်။ အဲဒီနေ့ နံနက် ၉ နာရီ ၁၅ မိနစ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့အထူးအာဏာကုန် လွှဲအပ်ခြင်းခံရတဲ့ ဩစတြေးလျနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ကင်ဘာရာမြို့မှာ ဩစတြေးလျနိုင်ငံဘုရင်ခံချုပ်ဆီ ကျွန်တော့် သံအမတ်ခန့်အပ်လွှာကို ပေးအပ်ခဲ့ပါတယ်။ ကိုယ်ရံတော်တပ်အလေးပြုခြင်းကို ခံယူရပါတယ်။ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းကိုဘင်ခရာတီးဝိုင်းက တီးမှုတ်ပြီး နိုင်ငံတော်အလံကို အလေးပြုကြတဲ့ အခါ နိုင်ငံတော်ရဲ့ကျေးဇူးကို သတိရမိပါတယ်။ မိမိကို ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိဘဆရာများရဲ့ကျေးဇူးကိုအောက်မေ့မိပါတယ်။ မြန်မာနိုင်ငံဟာ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံဖြစ်လို့ ကျွန်တော် သံအမတ်ကြီးအဖြစ် ထမ်းဆောင်ခွင့်ရခြင်း ဖြစ်ပါတယ်။

ဒီလို နှစ်နှစ်ကာကာ လွတ်လပ်ရေးအရသာကို အောက်မေ့ စဉ်းစား ခံစားမိပါတယ်။ အခုလဲ မြန်မာနိုင်ငံတော်နဲ့ ထိုင်းနိုင်ငံတို့ ချစ်ကြည်စွာပူးပေါင်းဆောင်ရွက်နေတဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မိုင်းဆတ်ခရိုင်၊ယောင်ခကျေးရွာ စီမံကိန်းရဲ့ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနား ၁၆–၁၂–၂၀၀၃ရက်က ကျင်းပရာ ဒီအခမ်းအနားကို ပြည်ထောင်စုသားတစ်ဦးအနေနဲ့ တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနဲ့ နယ်စပ်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်အရ အကောင်အထည်ပေါ်လာတဲ့ စီမံကိန်းဖြစ်ပါတယ်။ ချစ်ကြည်ရင်းနှီးမှုကိုပြသတဲ့အနေနဲ့ ထိုင်းနိုင်ငံက ဘတ်သန်း ၂၀ ထည့်ဝင်ပါတယ်။ ဒါကြောင့် ယောင်ခကျေးရွာဟာ နှစ်ပြည်ထောင်ချစ်ကြည်ရေး မှတ်တိုင်တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။

နှစ်ပြည်ထောင်ချစ်ကြည်ရေးကို အလေးထားတဲ့အနေနဲ့ မြန်မာဘက်က ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ခင်မောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းထွန်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဒေသခံ တိုင်းရင်းသားခေါင်းဆောင် ဦးပေါက်ယူချမ်းတို့ ဒီအခမ်းအနားကို တက်ရောက်ပါတယ်။ ထိုင်းနိုင်ငံဘက်က ထိုင်းနိုင်ငံအမှတ်(၃) စစ်ဒေသတိုင်း တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီး ပီချာမက်မံမနီနဲ့ဗိုလ်ချုပ်များ၊စီမံကိန်းတာဝန်ခံမင်းသားကြီး မစ္စတာဒီဒစ်စ်ကာလ်နှင့် အရာရှိကြီးများ စိတ်အား ထက်သန်စွာဖြင့် တက်ရောက်လာကြပါတယ်။ နှစ်နိုင်ငံရဲ့ကားတန်းများ ချစ်ကြည်ရေးတံတားအနီးမှာ ဆုံတွေ့ပြီးတော့ တာချီလိတ်ကနေ မိုင်၃၀ကျော်ဝေးတဲ့ ယောင်ခရွာလေးကို အတူတူခရီးထွက်ခဲ့ကြပါတယ်။ မြေလမ်းမို့ အတော်လေးကြမ်းပါတယ်။ ချစ်ကြည်ရေးခရီးမို့ အတော်ပင်ထိရောက်အရေးကြီးပါတယ်။

ယောင်ခရွာအဝင်ကနေ ဆေးရုံနဲ့စာသင်ကျောင်းအထိ ဒေသခံ ‘ဝ’တိုင်းရင်းသားများက အားရဝမ်းသာစွာ ကြိုဆိုနေကြပါ တယ်။နှစ်နိုင်ငံအလံများကို ဝှေ့ယမ်းနေကြပါတယ်။ သူတို့ အတီးနဲ့ ကခုန်ကြိုဆိုနေကြတာတွေ့တော့ ကျွန်တော်တို့တစ်တွေ အပန်းပြေသွားကြပါတယ်။ သူတို့လိုပဲကျွန်တော်တို့ဝမ်းသာပျော်ရွှင်သွားပါတယ်။ပြည်ထောင်စုသားများရဲ့ အောင်ပွဲ ဖြစ်ပါတယ်။

‘ဝ’တိုင်းရင်းသားများက ကြိုဆို ကပြနေစဉ်။

အခမ်းအနားအပြီးမှာ သူတို့စိုက်ပျိုးမွေးမြူရေးခြံထွက် အသီးအနှံ၊ သားငါးများနဲ့ ချက်ပြုတ်ထားတဲ့ အစားအသောက်များနဲ့ ဧည့်ခံကျွေးမွေးကြပါတယ်။ ကျွန်တော်နဲ့ တစ်စားပွဲတည်းအတူကျတဲ့ထိုင်းဗိုလ်ချုပ်များနဲ့ခင်မင်ရင်းနှီးစွာ စကားပြောဆိုရင်း ရယ်မောနေကြရပါတယ်။ ထိုင်းဝန်ကြီးချုပ်ရုံးက ညွှန်ကြားရေးမှူးမစ္စနီနမ်နဲ့လဲ ဒီစီမံကိန်းအကြောင်းကို ပြောဆိုဆွေးနွေးကြပါတယ်။ ကျွန်တော်က သူတို့ရန်ကုန်ရောက်ရင် တွေ့ဆုံရအောင် ဖိတ်ကြားခဲ့တော့ သူတို့က ဝမ်းမြောက်ဝမ်းသာကျေးဇူးတင်ကြပါတယ်။ ထိုင်းတို့က မြန်မာကို လေးစားကြပါတယ်။ မြန်မာက အစဉ်အလာကြီးမားတဲ့ သမိုင်းရှိတဲ့လူမျိုးပါ။ ကျွန်တော်တို့တစ်တွေ ဆက်လက် စောင့်ထိန်းသွားရပါလိမ့်မယ်။

ဒီခရီးလမ်းတစ်လျှောက်မှာ လွတ်လပ်ရေးအရသာကို တသိမ့်သိမ့်၊ တစိမ့်စိမ့် ပီတိအပြည့်နဲ့ ကျွန်တော်ခံစားနေရပါတယ်။ ကျွန်တော်ဟာ ကိုလိုနီခေတ်နဲ့ ဖက်ဆစ်တို့ဝင်ရောက်သိမ်းပိုက်တဲ့ခေတ်တွေကို မီခဲ့တာမို့ မလွတ်လပ်တဲ့ သူ့ကျွန်ဘဝမှာ နှိပ်စက်နှိမ့်ချဆက်ဆံမှု၊ ဖိနှိပ်ချုပ်ချယ်မှုတို့ကို ခံစားသိရှိခဲ့ပါတယ်။ လွတ်လပ်ရေးရတဲ့အခါ လွတ်လပ်တဲ့ပြည်ထောင်စုသားအနေနဲ့ ဂုဏ်သိက္ခာနဲ့ အခွင့်အရေးတို့ကို ခံစားရပါတယ်။ဒါကြောင့် ခြားနားချက်ကို ကောင်းစွာ သိရှိနားလည်ထားပါတယ်။ လွတ်လပ်ရေးရဲ့တန်ဖိုးကို မြတ်နိုးမိပါတယ်။ ဒါကြောင့် လွတ်လပ်ရေးအရသာကို ခံစားနေရခြင်းဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ လွတ်လပ်ရေးရအောင်နဲ့ လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲအောင်ဆောင်ရွက်ရင်း အသက်စွန့်ခဲ့ကြတဲ့ တပ်မတော်သားများ၊ တိုင်းရင်းသားပြည်သူများရဲ့ကျေးဇူးကို သတိရနေမိပါတယ်။ သူတို့ကျေးဇူးကြောင့် ကျွန်တော်တို့တစ်တွေ လွတ်လပ်တဲ့ ပြည်ထောင်စုသားများအနေနဲ့ ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ကြခြင်းဖြစ်ပါတယ်။ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရပါတယ် သူရဲကောင်းများခင်ဗျား။

ဒီနေရာမှာ ကျွန်တော်မော်စကိုမြို့မှာ ယဉ်ကျေးမှုရေးရာသံမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ရုရှားမိတ်ဆွေများပြောတာကို သတိရမိပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးတုန်းက နာဇီတပ်များ လီနင်ဂရက်မြို့ကို ရက်ပေါင်း၄၀၀ကျော်ဝိုင်းပြီး တိုက်စဉ် သူတို့လွတ်လပ်ရေးမဆုံးရှုံးရအောင် အနိုင်မခံတဲ့ မျိုးချစ်စိတ်ဓာတ်နဲ့ အငတ်ငတ်အပြတ်ပြတ်၊ ဒုက္ခမျိုးစုံခံပြီး ရန်သူကို ပြန်လည်ခုခံတိုက်ထုတ်ခဲ့သူများ ဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးမှာ ပြည်သူပြည်သား သန်းပေါင်း ၂၀ကျော် အသက်ဆုံးရှုံးခဲ့ရပါတယ်။ ပေါင်မုန့်ညိုလေးတစ်ချပ်ရဲ့တန်ဖိုးကို ကောင်းစွာသိရှိတန်ဖိုးထားခဲ့ပါတယ်။ သူတို့တစ်တွေနိုင်ငံတော်ရဲ့လွတ်လပ်ရေး တည်တံ့ခိုင်မြဲအောင် အနစ်နာခံ ကာကွယ်ခဲ့တာကို သူတို့သားသမီးများ သိနားလည်စေလိုကြောင်း ပြောပါတယ်။ သူတို့ အသက်၊ သွေး၊ ချွေး မြောက်မြားစွာစတေးပြီး ရင်းခဲ့ရလို့ တည်တံ့ခဲ့တဲ့ လွတ်လပ်ရေးရဲ့တန်ဖိုးနှင့် အရသာကို သူတို့သားသမီးတွေ ခံစားစေလိုကြပါတယ်။ ကျွန်တော်ချစ်ကြည်ရေးတံတားကို ဖြတ်ပြီး မဲဆိုင်မြို့ တောင်ကုန်းပေါ်မှာ အလောင်းဘုရားမင်းတရားကြီး တည်ထားခဲ့တဲ့စေတီကို တက်ရောက်ဖူးခဲ့ပါတယ်။ တောင်ပေါ်ကကြည့်တော့ တာချီလိတ်မြို့နဲ့ မဲဆိုင်မြို့တို့ သာယာအေးချမ်းစွာ ယှဉ်တွဲတည်ရှိနေတာကို တွေ့ရပါတယ်။ နိုင်ငံတော်အလံက ဝင့်ကြွားစွာ တလူလူတလွင့်လွင့်နဲ့မို့ ကျွန်တော့်အနေနဲ့တော့ လွတ်လပ်ရေးအရသာကို ဂုဏ်ယူစွာ ခံစားနေမိပါတယ်။ ။

(၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အင်းစိန်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ ကလေးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက်က အင်းစိန်တောင်သူကုန်းရပ်ကွက်၊ မင်းကြီးလမ်းရှိ အသင်းပိုင်မြေကွက်လပ်၌ကျင်းပရာမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ကြည်က မွေးကင်းစမှ ခြောက်လအရွယ် တတိယဆုရရှင်သွေးငယ် တစ်ဦးအားဆုချီးမြှင့်နေစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြား

၁၂–၁–၂၀၀၄(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှာဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ဒုတိယနှစ်(သမိုင်း) (ခ)ဒုတိယနှစ် (ဒဿနိကဗေဒ)
၅:၁၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၆:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မြန်မာ့လက်သီး
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ညီအစ်မလေးဖော်”** (အပိုင်း–၁၆)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး”**(အပိုင်း–၁၇)
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

ဒီဇင်ဘာ ၂၈ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့်မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့ကြီးမှူးပြီး ဖွင့်လှစ်သောအခြေခံရှေးဦးပြုစုခြင်းသင်တန်း၁/၂၀၀၃ ဆင်းပွဲကို အထက(၁) ကျောင်းခန်းမဆောင်တွင် ကျင်းပရာ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်ရှိန်က သင်တန်း ထူးချွန်ပထမဆုရကျောင်းသူ မမေဦးစံအား ဆုချီးမြှင့်စဉ်။ (က–ပ)

အီလက်ထရွန်းနစ်သင်တန်းများဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

လူငယ်လူရွယ်များအတွက် လက်တွေ့အသုံးချ အီလက်ထရွန်နစ်သင်တန်း T.V. V.C.R, VCD,CD. Satellite၊ ရေခဲသေတ္တာနှင့် လေအေးပေးစက်သင်တန်း လက်တွေ့အသုံးချလျှပ်စစ်သင်တန်းများကို ဖွင့်လှစ် သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူများသည် Cosmic Engineering Group Training and Service Centre အမှတ်(၃၁) ဓမ္မဝိဟာရလမ်း ကျောက်မြောင်း (ကျောက်မြောင်းဈေးမှတ်တိုင်အနီး)ဖုန်း–၅၄၉၈၉၇သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ နှင့် သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်း ဖွင့်ပွဲအခမ်းအနားတွင် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

▼ *ကျောဖုံးမှ*

အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဘင်ခရာ၊ ပန်းဖွား၊ ကဗျာလွတ်အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အစီအစဉ်အရ တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဝေနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်တင့်တို့က ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ယင်းနောက် အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် Computer Skills Room၊ Computer Aided Instruction Room၊ Audio System၊ အိမ်တွင်းမှုနှင့် စက်မှုလက်မှုခန်း၊ ပန်းချီအနုပညာခန်း၊ ဂီတအနုပညာခန်းနှင့် ဘုရားခန်းတို့ကို လှည့်လည်၍ ကျောင်းသား ကျောင်းသူများ ၏ ခေတ်မီသင်ကြားမှုသင်ယူမှုအထောက်အကူပြု ပစ္စည်းများဖြင့် လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများဖွင့်ပွဲ အခမ်းအနားဒုတိယပိုင်းကို ကျောင်းစည်းဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ရှေးဦးစွာ အဋ္ဌမတန်းကျောင်းသူ မနှင်းဝေဝေဦးက ကျောင်းဆောင်သစ် ဖွင့်လှစ်ပေးခြင်းအတွက် ကျောင်းသားကျောင်းသူများကိုယ်စား အင်္ဂလိပ်ဘာသာဖြင့် ကျေးဇူးတင်စကားပြောကြားသည်။

ရှင်းတင်းတင်ပြ

ယင်းနောက် တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဝေက သင်ကြားမှုသင်ယူမှုအထောက်အကူပြုစာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်တင့်က သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဒုတိယဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ကျိုင်းတုံမြို့ အမှတ်(၆)အခြေခံပညာအလယ်တန်းကျောင်း နှစ်ထပ် ကျောင်းဆောင်သစ်ကြီး ပေါ်ထွန်းလာသည့်အတွက် ဤကျောင်းကြီးတွင် တက်ရောက်ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူလူငယ်များ သက်သောင့်သက်သာစိတ်ချမ်းမြေ့ ပျော်ရွှင်စွာ ပညာ ဆည်းပူးသင်ယူနိုင်တော့မှာ ဖြစ်ကြောင်း။

ဝမ်းမြောက်ဝမ်းသာ

ဤကဲ့သို့ သစ်လွင်ခံ့ညားသည့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးပေါ်ထွန်းလာသည့်အပြင် ကွန်ပျူတာကဲ့သို့သော ခေတ်မီသင်ကြားမှုပစ္စည်းများအသုံးပြုကာ သိပ္ပံနှင့်နည်းပညာရပ်များကို သင်ကြားနိုင်တော့မှာဖြစ်သည့်အတွက် ကျောင်းသားကျောင်းသူများအပါအဝင် မိဘပြည်သူများနှင့် ဒေသခံပြည်သူများအားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်ကြမည်ဟု ယုံကြည်ပါကြောင်း။

ခေတ်မီ သင်ကြားမှုအထောက်အကူပြုစက်ပစ္စည်းများဖြင့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးပေါ်ပေါက်လာရေးဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုဖြင့် မိဘပြည်သူများ၏ အားတက်သရော ပူးပေါင်းပါဝင်မှုတို့ကြောင့် ယခုကဲ့သို့ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း။

ပညာရေးစီမံကိန်း

နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍနှင့် ပတ်သက်၍ ပညာရေးမြှင့်တင်မှုအစီအစဉ်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး အရှေ့တောင်အာရှ နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်အောင် ပညာရေးအထူးလေးနှစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာကြီး၏လျင်မြန်စွာ တိုးတက်ပြောင်းလဲမှုများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန် ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ရန်လိုအပ်လာပါသဖြင့် နှစ်ရှည်နှစ်(၃၀) ပညာရေးစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံတကာအဆင့်မီပညာရေးစနစ် ဖြစ်ထွန်းရန်၊ နိုင်ငံတော်က တည်ဆောက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့နှင့် လိုက်လျောညီထွေရှိမည့် ပညာရေးစနစ်ဖြစ်ထွန်းရန်၊ လူငယ်များမျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေးအတွက် ပညာရေးစနစ် ဖြစ်ထွန်းရန်ဆိုသည့် ပညာရေးမူဝါဒများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

ယခုအချိန်အခါသည် သိပ္ပံနှင့်နည်းပညာများ ထွန်းကားနေသည့်အချိန်အခါဖြစ်သည်နှင့်အညီ IT ဟုခေါ်သည့် Information Technology ပညာရပ်များ ထိပ်တန်းတွင်ရောက်ရှိနေကြောင်း၊ IT ပညာတွင် အခြေခံမှာ ကွန်ပျူတာပညာရပ်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများတွင် ကွန်ပျူတာအခြေခံ IT ပညာများကို စတင်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှု၊ မိဘပြည်သူစေတနာရှင်များ၏ ပူးပေါင်းပါဝင်မှုတို့ကြောင့် ပေါ်ပေါက်လာသည့် နှစ်ထပ်ကျောင်းဆောင်သစ်ကြီးရှိ မာတီမီဒီယာစာသင်ခန်းများကို အခြေပြုပြီး ကျောင်းသားကျောင်းသူများက မိမိတို့၏ ဉာဏ်ရည် ဉာဏ်သွေးကို အခြေခံကာ ထူးချွန်ထက်မြက်သူများ၊ လူတော်လူကောင်းများ၊ အများအကျိုး၊ တိုင်းပြည်အကျိုး ဆောင်ရွက်လိုသူများ ဖြစ်လာစေရန် ကြိုးစားကြရမှာ ဖြစ်ကြောင်း။

လေ့ကျင့်ပေး

အထူးသဖြင့် ဆရာ ဆရာမများကလည်း ခေတ်မီသင်ကြားမှုပစ္စည်းများကို စနစ်တကျ ကျွမ်းကျင်စွာ အသုံးပြုပြီး မိမိတို့၏တပည့်များအား ထူးချွန်ထက်မြက်သူများ၊ အနာဂတ်တိုင်းပြည်အတွက် အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံအကျိုးပြုပုဂ္ဂိုလ်များဖြစ်လာစေရန် လေ့ကျင့်ပေးကြရန် လိုကြောင်းဖြင့် မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)နှင့်အဖွဲ့ဝင်များသည် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ခုတင်(၂၀၀)ဆံ့ဆေးရုံ

ယင်းမှတစ်ဆင့် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သာသနာ့ဗိမာန်တော်ကြီးကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ခုတင် (၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ရောက်ရှိကြရာဆေးရုံအုပ်ကြီး ဒေါက်တာ သန်းမောင်နှင့် အထူးကုသမားတော်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ရှေးဦးစွာ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အမျိုးသားဆေးကုဆောင်၊ အမျိုးသမီးဆေးကုဆောင်၊ ခွဲစိတ်ဆောင်၊ အရိုးအကြောအဆစ်ထိခိုက်ဒဏ်ရာကုသဆောင်၊ ကလေးကုသဆောင်၊ မျက်စိကုသဆောင်တို့ကို

စာမျက်နှာ ၁၂ သို့

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်း ဖွင့်လှစ်ထားရှိမှု အခြေအနေများကို တွေ့မြင်ရစဉ်။ (သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် ကျိုင်းတုံမြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီးနှင့် သက်ဆိုင်ရာသမားတော်ကြီးများက လိုက်လံရှင်းလင်းပြသကြပြီး အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် အမျိုးသားကျန်းမာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များအား ဆေးရုံအစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမောင်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) တွင် ခေတ်မီ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးအဖြစ် ၂၀၀၃ ခုနှစ် မေလ ၁၈ ရက်တွင် ဖွင့်လှစ်ခဲ့မှု၊ ဆေးရုံလုပ်ငန်းဆောင်ရွက်နိုင်မှု၊ ဆေးပဒေသာပင်တိုးတက်အောင် ဆောင်ရွက်နိုင်မှု၊ အခမဲ့ဆေးဝါး ကုသပေးမှုအခြေအနေ၊ ထူးခြားသည့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ ပြည်သူလူထု ပူးပေါင်းပါဝင်မှု၊ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသဆောင်ရွက်နိုင်မှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဝန်ကြီးဌာန၏ ပံ့ပိုးဖြည့်ဆည်းပေးနေမှုဆိုင်ရာတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဒေါက်တာနန်းစိုးဖန်းက ကျိုင်းတုံမြို့ သူနာပြုသားဖွားသင်တန်းကျောင်း၏ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ ဝန်ထမ်းရေးရာ၊ သင်တန်းအောင်မြင်ပြီးသူနှင့် လက်ရှိ သင်တန်းတက်ရောက်နေသူ ဦးရေ၊သင်ထောက်ကူပစ္စည်းများအခြေအနေနှင့် ပံ့ပိုးဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားကျန်းမာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မှာကြားရာတွင် နိုင်ငံတော်၏ ကျန်းမာရေးမူဝါဒ ရည်မှန်းချက်များမှာ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယ ကင်းရှင်းရေးဟူသည့်ရည်မှန်းချက်ဖြစ်ကြောင်း။

ယင်းသို့သော ရည်မှန်းချက်များ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆေးတက္ကသိုလ်များ၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများကို တိုးချဲ့ဖွင့်လှစ်ကာ အရည်အသွေးပြည့်ဝသော ကျန်းမာရေးဝန်ထမ်းများကို ပိုမိုလေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

အလေးအနက်ထားဆောင်ရွက်

သို့ဖြစ်ရာ ပြည်သူများအသက်ရှည်ကျန်းမာစွာ နေနိုင်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများက မိမိကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန် လိုအပ်သကဲ့သို့ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် စေတနာထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပြုရာတွင် မြို့ပေါ် ဆေးရုံ၊ ဆေးခန်း၌သာမဟုတ် ကျေးလက်ဒေသ အောက်ခြေအထိဆင်းကာ ကျန်းမာရေးအသိပညာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရေး၊ ရောဂါကာကွယ်တားဆီးရေးနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသပေးခြင်းတို့ကို အလေးအနက်ထား ဆောင်ရွက်ကြရေးဖြင့် အကျယ်တဝင့် ရှင်းလင်းဆွေးနွေးမှာကြားပြီး ဆေးရုံအုပ်ကြီး၊ သမားတော်ကြီးများ၊ ဆရာဝန်များ၊သူနာပြုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂) နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ သူနာ ပြု သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ သူနာပြု သားဖွား စာသင်ဆောင်များ၊ Language Lab၊ Computer Lab၊ ဘုရားခန်း၊ Demonstration Room တို့ကို လှည့်လည်၍ သင်တန်းသား သင်တန်းသူများ၏ လေ့ကျင့်သင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကာ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ပြည်နယ်အားကစားကွင်း

ထို့မှတစ်ဆင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့၊ ကျိုင်းတုံ-တောင်ကြီးသွားကားလမ်းဘေးကျိုင်းတုံဒီဂရီကောလိပ်အနီး မြန်မာ့အားကစားကဏ္ဍကို လွှမ်းစေရမည် ရည်ရွယ်ချက်နှင့်အညီ ထူးချွန်သည့် အားကစားသမားများ မွေးထုတ်နိုင်ရေးအတွက် ပြည်နယ်အားကစားကွင်းအား ပြည်နယ်အဆင့်နှင့်အညီခေတ်မီအားကစားကွင်း အဖြစ် တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူတို့အား မှာကြားသည်။ ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကျိုင်းတုံမြို့ မိုးလုံလေလုံအားကစားရုံ၌ကျင်းပသည့် ကျိုင်းတုံခရိုင် ဘော်လီဘောပြိုင်ပွဲ၌ ကျိုင်းတုံတပ်နယ်(က)အသင်းနှင့် ကျိုင်းတုံတပ်နယ်(ခ)အသင်းတို့၏ ဘော်လီဘောယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၉ ရက် မွန်းလွဲ ၁ နာရီတွင် ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် ကျိုင်းတုံမြို့နယ် အဆင့် ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားသည်။

တွေ့ဆုံမှာကြားသည့် အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်၊ ခရိုင်နှင့် ကျိုင်းတုံမြို့နယ်တို့မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဒေသဝမ်းစာဖူလုံမှု

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ တည်နေရာ၊ ရာသီဥတု၊ မြေယာအသုံးချမှု၊ မိုးစပါးစိုက်ဧက၊ နွေစပါးစိုက်ပျိုးရန် လျာထားဧက၊ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ စားသုံးဆီဖူလုံရန် ဆောင်ရွက်ထားမှုအခြေအနေ၊ နိုင်ငံတော်က တည်ဆောက်ပေးနေသော မော်တော်ကားလမ်းများအခြေအနေ၊ ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူမှုရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံကို ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် အဆင့်ခုနစ်ဆင့်ဖြင့် ကူးပြောင်းတော့မှာ ဖြစ်ကြောင်း။

၂၀၀၃ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားရာ၌ အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းရေးအတွက် အဆင့်ခုနစ်ဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို တိကျစွာ ရှင်းလင်းပြောကြားသွားပြီးဖြစ်ကြောင်း။

အလွန်အရေးကြီး

ယင်းသို့ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်သို့ အဆင့်ဆင့်ကူးပြောင်းနိုင်ရေးအတွက် ယနေ့အတွက်ရော နောင်အနာဂတ်အတွက်ပါ အလွန်အရေးကြီးသည့် အချက်သုံးချက် လိုအပ်ကြောင်း၊ ပထမအချက်မှာ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဖြစ်ကြောင်း။

ဒုတိယအချက်မှာ နိုင်ငံသားအားလုံး ဝဝလင်လင် စားနိုင်သောက်နိုင်သည့်အဆင့်ရောက်အောင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း။

တတိယအချက်မှာ နိုင်ငံသားတိုင်း အမှားအမှန်၊အကောင်းအဆိုးကို ခွဲခြားသိမြင်နိုင်ရန်အတွက် ပညာတတ်ရန်၊ တစ်နိုင်ငံလုံး စာတတ်မြောက်ကြရန် လိုအပ်ကြောင်း။

တပ်မတော်အစိုးရသည် ၁၉၈၈ ခုနှစ် စက်တင်ဘာ ၁၈ ရက်နေ့က သမိုင်းပေးတာဝန်အရ နိုင်ငံ့တာဝန်ကို စတင်ယူခဲ့စဉ်က သုံ့ညအဆင့်အောက် ရောက်နေသည့် နိုင်ငံတော်ကို ပြိုကွဲပျက်စီးမသွားရအောင် တပ်မတော်က ကာကွယ်စောင့်ရှောက်ပြီး အမျိုးသားရေးမူဝါဒ သုံးရပ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ရောက်အောင် ရည်မှန်းချက်ထားပြီး ဦးတည်ချက် (၁၂)ရပ်ဖြင့် နေ့မအားညမနား ကြိုးပမ်းတည်ဆောက်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ငြိမ်းချမ်းမှုအကျိုးကျေးဇူး

နိုင်ငံတော်၌ အရေးကြီးဆုံးအရာမှာ နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိလျှင်၊ လုံခြုံမှုမရှိလျှင်၊ တရားဥပဒေစိုးမိုးမှုမရှိလျှင် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင် မည်သည်ကိုမျှ လုပ်မရဘူးဆိုသည်ကို ပြည်တွင်းစစ်ကို ကြုံတွေ့ခဲ့ကြရသည့် ဤဒေသခံပြည်သူများ အသိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရသည် လက်နက်စွဲကိုင် တိုက်ခိုက်နေကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ယနေ့ဆိုလျှင် တောတွင်းလက်နက်ကိုင်အဖွဲ့ ၁၇ ဖွဲ့သည် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီဖြစ်၍ နိုင်ငံတော်၏ အခြေအနေသည် တည်ငြိမ် အေးချမ်းမှု၊ လုံခြုံမှုရှိနေသည်ကို အားလုံးသိရှိခံစားနေကြရပြီဖြစ်ကြောင်း။

အထူးသဖြင့် သေနတ်သံ၊ ဗုံးသံများ မစဲဘဲ အမြဲလိုလို ကြောက်ရွံ့ထိတ်လန့်နေခဲ့ကြရသည့် ကျိုင်းတုံဒေသသည် ယခုအခါတွင် တစ်ချိန်ကနှင့် လုံးဝမတူတော့ဘဲ အေးအေးချမ်းချမ်း၊ လုံလုံခြုံခြုံနှင့် ကိုယ့်ဝမ်းစာကိုယ် အေးအေးဆေးဆေး ရှာဖွေစားသောက် နေနိုင်ကြသည်မှာ ငြိမ်းချမ်းမှု၏ အကျိုးကျေးဇူးများကို ခံစားနေကြရခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်ကြီး အေးချမ်းလုံခြုံတော့မှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများ စတင် လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးသည် အဓိကကျကြောင်း၊ စီးပွားရေးတွင် စက်မှုနိုင်ငံ ထူထောင်နိုင်လျှင် ချမ်းသာကြွယ်ဝမည်ဆိုသည်ကို သိရှိသော်လည်း နိုင်ငံတော်၌ အတတ်ပညာရှင်များနှင့် အရင်းအနှီးများ လုံလုံလောက်လောက် မရှိသေးခြင်းကြောင့် စိုက်ပျိုးရေးကိုပင် ပထမဦးစားပေးပြီး တိုးတက်အောင်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဦးတည်ချက် (၁၂)ရပ်အနက် စီးပွားရေးဦးတည်ချက်မှာ စိုက်ပျိုးရေးကို အခြေခံ၍ဆိုသည့် အချက်ကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ လယ်ယာကဏ္ဍသည် နိုင်ငံတော်၏ အဓိက အခြေခံစီးပွားရေးဖြစ်ပြီး ကျေးလက်နေ ပြည်သူအားလုံး၏ ၇၀ ရာခိုင်နှုန်းကျော်သည်လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြခြင်းဖြစ်ကြောင်း။

သောက်သုံးရေ

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေ မလုံလောက်သည့် ဒေသများတွင် ဆည်များ၊ ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ငွေကြေးများစွာ အကုန်အကျခံပြီး အစုအဖွဲ့နှင့် တည်ဆောက်ပေးခဲ့ရာ ယနေ့အထိ တစ်နိုင်ငံလုံး ဆည်တမံပေါင်း ၁၅၅ ခုနှင့် မြစ်ရေတင်လုပ်ငန်း စီမံကိန်း ၂၆၅ ခုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည့်အတွက် ရေသွင်းစိုက်ပျိုးသော မြေဧရိယာမှာ ၁၉၈၈-၈၉ ခုနှစ်က ဧက ၂ ဒသမ ၅၂ သန်း ရှိခဲ့ရာမှ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ဧက ၅ ဒသမ ၁ သန်းအထိ အဆအားဖြင့် နှစ်ဆခန့် တိုးတက်လာခဲ့ကြောင်း၊ စိုက်ပျိုးရေအပြင် ရေရှားပါးသည့်ဒေသများ၌ သောက်သုံးရေပါရရှိခဲ့ပြီး ရောဂါဘယများလည်း ကင်းဝေးလာခဲ့ကြောင်း။

နိုင်ငံတော်က ဝမ်းစာဖူလုံရေး၊ ပိုလျှံရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ၁၉၈၈ ခုနှစ်က စပါးတင်း ၆၅၄ သန်းထွက်ရှိရာမှ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စပါးတင်း သန်း ၁၀၀၀ ကျော် ထွက်ရှိခဲ့ပြီး ယခုအခါ တစ်နိုင်ငံလုံး စပါးတင်း သန်း ၁၂၀၀ ထွက်ရှိရေးကို ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံသားတိုင်း ဝမ်းဝရန်အပြင် နှစ်စဉ်တိုးတက်နေသော လူဦးရေအတွက်ပါ ဝဝလင်လင် စားသောက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် ဆိုရာ၌ ဝမ်းဝရုံနှင့် မပြီးသေးဘဲ လူနေမှုအဆင့်အတန်း (Standard of Living) မြင့်မြင့်မားမားနေနိုင်ရန်အတွက် ချမ်းသာကြွယ်ဝရန် လိုအပ်ကြောင်း၊ ချမ်းသာကြွယ်ဝရန်အတွက် စက်မှုနိုင်ငံ ထူထောင်နိုင်မှ ချမ်းသာကြွယ်ဝမှာဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများမှာ ချမ်းသာကြွယ်ဝပြီး အဆင့်အတန်း မြင့်မြင့်မားမားနေနိုင်ကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ စက်မှုဖွံ့ဖြိုးတိုးတက်ရန်အတွက် အရင်းအနှီးများ လိုအပ်ကြောင်း၊ အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ လယ်ယာသားငါးစွမ်းအင်ကဏ္ဍများမှသည် အမြတ်အစွန်းများကို စက်မှုကဏ္ဍတွင် ရင်းနှီးမြှုပ်နှံပြီး ယခု နိုင်ငံတော်အပိုင်းသာမက ပုဂ္ဂလိကအပိုင်းကပါ ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တစ်နိုင်ငံလုံး စက်မှုဇုန် ၁၈ ဇုန် ထူထောင်ပြီး မော်တော်ကားမှအစ ဆပ်ပြာစက်၊ ဆီစက်၊ ဆန်စက်၊ ဆီကြမ်းကြိတ်စက်နှင့် ရေအားလျှပ်စစ် အငယ်စားစက်ပစ္စည်းတို့ကို စတင်ကြိုးပမ်း ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း။

စက်မှုလယ်ယာ

ယခုအခါ လယ်ယာကဏ္ဍနှင့် စက်မှုကဏ္ဍ ပေါင်းစပ်ပြီး စက်ဖြင့်ထွန်ယက်ခြင်း၊ စက်ဖြင့်ရိတ်သိမ်းခြွေလှေ့ခြင်းစသည့် စက်မှုလယ်ယာအဆင့် Machenic Farming ကို ကူးပြောင်းဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း၊ သို့မှသာ ထုတ်လုပ်မှုစရိတ်များ နည်းပါးပြီး လယ်ယာထွက်ကုန်ပစ္စည်းများကိုလည်း ပိုမိုထုတ်လုပ်နိုင်မှာ ဖြစ်ကြောင်း။

စာမျက်နှာ ၁၃ သို့

စာမျက်နှာ ၁၂ မှ

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လူ့စွမ်းအား အရင်းအမြစ်များ များစွာလိုအပ်ကြောင်း၊တစ်နိုင်ငံလုံး စာတတ်မြောက်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်များ များများရှိမှသာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ နိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသကြီး ၂၄ ခု ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစသည့် စီမံကိန်းကြီး သုံးခုကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နှင့် ကျိုင်းတုံခရိုင်တို့မှ ပြည်နယ်နှင့် ခရိုင်စစ်မှုထမ်းဟောင်းများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လူ့စွမ်းအားအရင်းအမြစ်

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအပြင် အတွင်းပိုင်း၌လည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသကြီး ၂၄ ခု သတ်မှတ်ပြီး ပညာရေး၊ကျန်းမာရေး၊လူမှုရေး၊ဆက်သွယ်ရေးတို့ ဖွံ့ဖြိုး တိုးတက်အောင် နိုင်ငံတော် အစိုးရအနေဖြင့် တက္ကသိုလ်များ၊ ကွန်ပျူတာကောလိပ်များ၊ အင်ဂျင်နီယာကောလိပ်များ၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးများ၊ သူနာပြုသင်တန်းကျောင်းများ၊ ဆက်သွယ်ရေးအတွက် ကြေးနန်းရုံး၊ စာတိုက်၊ တယ်လီဖုန်း ဆက်သွယ်မှုများကို ငွေကြေးများစွာ အကုန်အကျခံပြီး တည်ဆောက်ဖွင့်လှစ်ပေးနေခြင်းသည် ကျိုင်းတုံဒေသ အပါအဝင်ဖြစ်ကြောင်း၊ တက္ကသိုလ်ပညာများကို မိမိတို့ဒေသမှာ စရိတ်သက်သက်သာသာဖြင့် ကိုယ့်ဒေသမှာကိုယ်များများ သင်ကြားနိုင်အောင် လူ့စွမ်းအားအရင်းအမြစ်များ ဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်လာအောင် စီမံဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

ယခင်က တက္ကသိုလ် ကောလိပ်ပေါင်း ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ၁၅၄ ခုအထိ ဖွင့်လှစ်နိုင်ခဲ့ပြီး ယခင် တက္ကသိုလ်၊ ကောလိပ်ကျောင်းသားကျောင်းသူ နှစ်သိန်းကျော်သာ ရှိခဲ့ရာမှ ယခုအခါ ခုနစ်သိန်းကျော်အထိ တက်ရောက်နေကြပြီ ဖြစ်ကြောင်း။

အခြေခံပညာရေး အခြေအနေကို ကြည့်လျှင်လည်း ယခင်က အခြေခံပညာကျောင်းပေါင်း သုံးသောင်းကျော်သာရှိခဲ့ရာမှ ယခုအခါ လေးသောင်းကျော်အထိရှိလာပြီး အခြေခံပညာ သင်ကြားနေသည့် ကျောင်းသားကျောင်းသူပေါင်းသည် ယခင်က ၅၂ သိန်းကျော်သာ ရှိခဲ့ရာမှ ယခုအခါ ၇၅ သိန်းကျော်အထိ ပညာသင်ကြားလျက်ရှိနေကြပြီဖြစ်ကြောင်း။

ကျန်းမာရေးကဏ္ဍ

ကျန်းမာရေးကဏ္ဍကိုကြည့်လျှင်လည်း ယခင်က အထူးကု ဆေးရုံ ၁၅ ခုအပါအဝင် ဆေးရုံပေါင်း ၆၃၁ ခုသာ ရှိခဲ့ရာမှ ယခုအခါ တစ်နိုင်ငံလုံး အထူးကုဆေးရုံ ၁၉ ခု အပါအဝင် ဆေးရုံပေါင်း ၇၇၉ ခု အထိ ရှိနေပြီဖြစ်ကြောင်း၊ ဆေးရုံများတိုးချဲ့ တည်ဆောက်ပေးသကဲ့သို့ ဆရာဝန်နှင့် သူနာပြုများကိုလည်း တိုးတက်လေ့ကျင့်ခန့်ထားပေးခဲ့ရာ ယခင်က ဆရာဝန် ၁၂၆၈ဦး၊သူနာပြု ၈၃၄၉ဦး ရှိခဲ့ရာမှ ယခုအခါ ဆရာဝန် ၁၆၅၇၀ နှင့် သူနာပြု ၁၅၄၈၂ ဦးအထိ ရှိလာခဲ့ပြီး ၁၅ နှစ်ကာလအတွင်း ဆရာဝန် ၄၃၀၂ဦးနှင့်သူနာပြု၇၁၃၃ဦး တိုးတက်လာခဲ့ကြောင်း။

ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာ၌ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးသည် မရှိမဖြစ်လိုအပ်သည့်အတွက် ကျန်းမာရေး မြှင့်တင်မှုလုပ်ငန်းများ၊ ပညာရေး မြှင့်တင်မှုလုပ်ငန်းများကို နိုင်ငံတော် အစိုးရအနေဖြင့် နှစ်တိုနှစ်ရှည်စီမံချက်များရေးဆွဲပြီး တစိုက်မတ်မတ် ကြိုးပမ်း တည်ဆောက်လျက်ရှိကြောင်း။

အမျိုးသားရေးတာဝန်

မိမိတို့နိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့ လက်ထက်က အမွေခံဆိုးအဖြစ် ကျန်ရစ်ခဲ့သည့် မူးယစ်ဆေးဝါးကိစ္စသည် ယနေ့အထိ နယ်စပ်ဒေသများတွင် အမြစ်တွယ်ရှင်သန်ပြီး ကျန်ရှိနေသေးကြောင်း၊ မူးယစ်ဆေးဝါးသည် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကိုပါ ထိခိုက်စေပြီး တစ်ဦးချင်းအတွက်လည်း များစွာဆုံးရှုံးနစ်နာစေကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူသည် လူ့ဘဝမှာ လူညွန့်တုံးပြီးအသက်ပါဆုံးရှုံးစေခဲ့သည့် သာဓကများ များစွာရှိခဲ့ကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေးကို နိုင်ငံတော် အစိုးရအနေဖြင့်အမျိုးသားရေးတာဝန် တစ်ခုအဖြစ်သတ်မှတ်ပြီး မဟာဗျူဟာ နှစ်ရပ်၊ နည်းဗျူဟာသုံးရပ် ချမှတ်ပြီး လက်တွေ့ကျင့်သုံးရမည့် နည်းနာများ အဖြစ်မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သုံးစွဲသူများ၏ ယုံကြည်ချက်၊ ခံယူချက်နှင့် စိတ်ဓာတ်မြင့်မား တိုးတက်အောင်ပြောင်းလဲပေးရေး၊ တောင်ပေါ် မြေပြန့်တိုင်းရင်းသားအချင်းချင်း လွယ်ကူစွာကူးလူးဆက်ဆံရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ စီးပွားရေးနှင့် လူနေမှုဘဝ တိုးတက် မြင့်မားရေးတို့ကို မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းရေးဆွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေကြောင်း၊ ထို့ကြောင့် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ် တားဆီးရေးအတွက် ဒေသခံပြည်သူများအားလုံး အမျိုးသားရေးတာဝန်တစ်ခုအဖြစ်ခံယူပြီး နိုင်ငံတော်အစိုးရနှင့် အတူ ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားလိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မူးယစ်ဆေးဝါး အန္တရာယ်သာမက ကိုလိုနီနယ်ချဲ့တို့၏ တောင်ပေါ်မြေပြန့်သွေးခွဲအုပ်ချုပ်မှုက ပေါက်ဖွားလာသည့် တိုင်းရင်းသားအချင်းချင်းအထင်အမြင် လွဲမှားခဲ့မှုစသည့် ဆိုးမွေများကို ချေဖျက်နိုင်စေရေးအတွက် တိုင်းရင်းသားလူမျိုးများအကြားသွေးချင်းသားချင်းညီအစ်ကိုမောင်နှမများဆိုသည့် အသိအမြင်ဖြစ်ပေါ်စေပြီး ကောင်းတူဆိုးဘက် ရှိအတူမရှိအတူ အတူတကွဥမကွဲ၊ သိုက်မပျက် ရာသက်ပန်စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နေထိုင်ကြမယ်"ညီညာမှ ပြည်သာမယ်"ဆိုသော စကားအတိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုး တိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် အချိန်ရောက်ရှိလာပြီဖြစ်ကြောင်း။

ပြည်ထောင်စု မြန်မာနိုင်ငံတော်၏နယ်နိမိတ်အတွင်းတွင် ရေကြည်ရာမြက်နုရာရှာဖွေပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိကြသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေဒေသ အစိတ်အပိုင်းတစ်ခုစီသည်လည်း တိုင်းရင်းသားလူမျိုးများ အတူတကွ ပူးပေါင်းနေထိုင်သည့် ပြည်ထောင်စုငယ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုကြီးအတွင်း အတူတကွ ခွဲခြား၍မရအောင် ပေါင်းစပ်ယှက်နွယ်နေထိုင်ကြသည့် ပြည် ထောင်စုတိုင်းရင်းသားများအဖြစ် ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူကာ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသွားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းမှတစ်ဆင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ ၁ နာရီခွဲတွင် ကျိုင်းတုံမြို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ကျိုင်းတုံခရိုင်တို့မှ ပြည်နယ်နှင့် ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကျိုင်းတုံမြို့နယ်နှင့် မိုင်းခတ် မြို့နယ်တို့မှ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ စည်းရုံးရေးကော်မတီဝင်များ အားတွေ့ဆုံပြီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၏ ဖွဲ့စည်းပုံအဆင့်ဆင့်ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့က စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေးနှင့် ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အကောင်အထည်ပေါ်လာရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရေးကိုလည်းကောင်း အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုနာယကအဖွဲ့ဝင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် မွန်းလွဲ ၂ နာရီခွဲတွင် ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များနှင့် တွေ့ဆုံကာ အသင်းကြီး၏ စည်းရုံးရေးဆိုင်ရာများကို ဆွေးနွေး မှာကြားခဲ့သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ ကျိုင်းတုံတပ်နယ်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊စစ်သည်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်များ အောင်မြင်မြင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့တွင် နိုင်ငံတော်အစိုးရ ၏ ဦးဆောင်မှုဖြင့် မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားကြရေး အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

(သတင်းစဉ်)

(၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ် တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက်တပ်မတော်နေ့အထိမ်းအမှတ်(၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ရေ၊လေ) စစ်တီးဝိုင်းပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင် ဆက်လက်ကျင်းပသည်။ (အပေါ်ပုံ)

ပြိုင်ပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ)ကိုယ်စားပြု စစ်တီးဝိုင်းက ရွှေတောင်ပံ၊ဒို့တပ်မတော်သား၊ မျိုးချစ်ဇာနည် စစ်ချီတေးများဖြင့်လည်းကောင်း၊ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြု စစ်တီးဝိုင်းက အဏ္ဏဝါစစ်သည်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အောင်လံလွှင့်မယ့်ဒို့တပ်မတော်၊ကျန်ရှိသေးသောတာဝန်တစ်ရပ် စစ်ချီတေးများဖြင့်လည်းကောင်း၊ အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲက ဖန်နေဝန်း၊ မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းက ရတခ စစ်သည်တော်၊ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော် စစ်ချီတေးများဖြင့် လည်းကောင်း၊ အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တမခ(၁၁) စစ်သည်တော်၊ ပြည်သူ့တပ်မတော်၊ တူယှဉ်ကာတိုက်စို့စစ်ချီတေးများဖြင့် လည်းကောင်း သရုပ်ဖော်ပြကွက်များဖြင့် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ထို့နောက် (၁၃)ကြိမ်မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီသို့ ဂီတဥယျာဉ်ဦးတင်အေး (ထားဝယ်) က ငွေကျပ် ၃၃၀၀၀ တန်ဖိုးရှိ ကလာရီနက်၊ ထရမ်းပက် တီးမှုတ်နည်းနှင့် စစ်ချီသီချင်းစာအုပ် ၆၀ တို့ကို ပေးအပ်လှူဒါန်းရာ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေက အလှပြ သရုပ်ပြ တီးမှုတ်ဖျော်ဖြေကြသည့် ကမာရွတ်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့နှင့် ဒလမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကျိုင်းတုံမြို့ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျိုင်းတုံမြို့ပေါ်ရှိ ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော်ဆက်ကပ်လှူဒါန်းပွဲ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်ကြည်ညို၍ လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ကျိုင်းတုံမြို့ သာနာ့ဗိမာန်တော်ကြီး၌ကျင်းပသည့် ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများမှ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ကျိုင်းတုံမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီးများဖြစ်ကြသော ကျိုင်းယင်းကျောင်း၊ ကျိုင်းငမ်းကျောင်း၊ ဟိုခုံကျောင်း၊ မောက်မယ်ကျောင်း၊ဒူးယားကျောင်း၊ခတ်စွမ်သီရိကျောင်း၊ ဓမ္မောဒယကျောင်း၊ ဇေတဝန်ကျောင်း၊ သာသနဝေပုလ္လကျောင်းနှင့် ထေရဝါဒသာသနာပြုကျောင်းတိုက်ကြီးများမှ အပူဇော်ခံဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ရှမ်းပြည်နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) နှင့် ကျိုင်းတုံခရိုင် ကျိုင်းတုံမြို့တို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ကျိုင်းတုံမြို့ ကျိုင်းယင်းကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရထံမှ အတွင်းရေးမှူး(၂)နှင့် ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်တော်မူကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများသည် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ၊ ဆွမ်းဆန်တော်များကို ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၂) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးများအား နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ရေစက်ချအမျှပေးဝေ

ထို့နောက် ကျိုင်းတုံမြို့ သာသနဝေပုလ္လ ပရိယတ္တိစာသင်တိုက် ဆရာတော် မဟာဓမ္မာစရိယ မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိဇယထံမှ အတွင်း ရေးမှူး(၂)နှင့် ပရိသတ်များက အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှ ပေးဝေကြသည်။

ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

ယင်းနောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ကျိုင်းတုံမြို့မှထွက်ခွာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**

မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးကြပ်မတ်ရေးကော်မတီဒုတိယဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့စစ်ဆေးရေးအဖွဲ့များအားလှည့်လည်စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁၁

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ကော်မတီဝင်များဖြစ်ကြသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ညွှန်ကြားရေးမှူးချုပ်များဖြစ်ကြသော ဒုတိယဗိုလ်မှူးကြီး တင်မောင်ထွန်းနှင့် ဦးခင်မောင်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲထောက်ချုပ် ရဲမှူးချုပ်ဝင်းစိုး၊ တပ်မတော်အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးများ၊ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက် အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်နိုင်တို့သည် ယနေ့ နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ် မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲမှုစစ်ဆေးနေကြသည်တို့ကို အဖွဲ့နှစ်ဖွဲ့ခွဲ၍ လှည့်လည် စစ်ဆေးကြပ်မတ်ကြသည်။**(ယာပုံ)**

နိုင်ငံတော်အစိုးရပိုင် မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော် မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာ တပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့် လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဗီးတက်)နှင့် ဌာနဆိုင်ရာ ဝတ်စုံများဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။

(သတင်းစဉ်)

ဦးသိန်းဖံ(နန္ဒာသိန်းဖံ)ပါမောက္ခ၊ [illegible]
[illegible]
[illegible]
[illegible]

မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုပြစ်ဒဏ်ချမှတ်

ရန်ကုန် ဇန်နဝါရီ ၁၁

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ပဲခူးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇန်နဝါရီ ၂၆ရက်တွင် ရန်ကုန်–မန္တလေး ရထားလမ်း ဘုရားသုံးဆူဘူတာ၌ ရထားပေါ်မှဆင်းလာသူ ဌေးဦးအား စစ်ဆေးရှာဖွေရာ ၎င်းလွယ်ထားသော ကျောပိုးအိတ်အတွင်းမှ ဆေးခြောက် ၁ ဒသမ ၃၀၆၄ ကီလို ဖမ်းဆီးရမိခဲ့သည်။

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ ညောင်လေးပင်မြို့ မြို့မ(၄) တိုးချဲ့ကွက်သစ်နေ ဦးဖြူ၏သား ဌေးဦး(ခ) မောင်ပုအား ညောင်လေးပင် ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၁/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)အရ အမှုဖွင့် အရေးယူခဲ့သည်။

ပြစ်ဒဏ်ချမှတ်

အမှုကို ပဲခူးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်တွင် တရားရုံးက တရားခံ ဌေးဦးအား မူးယစ်ဆေးဝါးသုံးစွဲမှုပုဒ်မ ၁၅ အရ ထောင်ဒဏ် ငါးနှစ်၊ မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိမှု ပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ် ပြစ်ဒဏ်များကို သီးခြားစီ ကျခံစေရန် ပြစ်ဒဏ်အသီးသီးချမှတ်ခဲ့သည်။

အလားတူ နယ်မြေခံထောက်လှမ်းရေးတပ်မှတပ်ဖွဲ့ဝင်များနှင့် တောင်ကြီးမူးယစ်အထူးအဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် မတ် ၆ ရက်တွင် သတင်းအရ မိုင်းရှူးမြို့ ကုန်းမြင့်သာရပ်နေ မစန်းစန်းမြင့်(ခ) အားတူ၏ နေအိမ်ကို ရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၈၃၇၄ ကီလို၊ ဘိန်းရည် ၀ ဒသမ ၅ လီတာ ဖမ်းဆီးရမိခဲ့သည်။

အရေးယူ

ယင်းဖမ်းဆီးရမိမှုနှင့် ပတ်သက်၍ မိုင်းရှူးမြို့ ကုန်းမြင့်သာရပ် နယ်မြေ(၁)နေ ဦးလီဆန်း၏သမီး မစန်းစန်းမြင့်(ခ)အားတူ(ခ)လီတိုင်းရီအား လွယ်ဆောင်ထောက်ရဲစခန်းက မူးယစ်ဆေးဝါး ပထမသတင်းပေးတိုင်ချက်အမှတ် ၆/၂၀၀၃၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၀(က)အရ အရေးယူခဲ့သည်။

အမှုကို တောင်ကြီးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ၂၀၀၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် တရားရုံးက တရားခံ မစန်းစန်းမြင့် အား မူးယစ်ဆေးဝါးရောင်းချရန်အလို့ငှာလက်ဝယ်ထားရှိမှုပုဒ်မ ၁၉(က)အရ အလုပ်နှင့် ထောင်ဒဏ် ၂၅ နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိခဲ့သည်။

(သတင်းစဉ်)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇန်နဝါရီ ၁၁

ကိုကျော်သိန်းထွဋ်(4th yr. Senior; သွား/ဆေးတက္ကသိုလ်)သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်းရှိ ငွေသော်တာကွင်း၌ ဇန်နဝါရီ ၆ ရက် ညနေ ၅ နာရီခွဲတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၇)၌ ကိုက် ၁၄၃ အကွာမှ Top Flite 0°(XL 3000) ဘောလုံးကို Callaway Iron No.(7) တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ကိုရန်နိုင်ထွန်းနှင့် ကိုဝဏ္ဏတို့နှင့်အတူ ကစားလျက်ရှိကြောင်း သိရသည်။ **(က–ပ)**

သာယာမည်

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

အလောင်းတော်ကဿပအား (၃၆)ကြိမ်မြောက် ထမနဲဆွမ်းကပ်မည်

ရန်ကုန် ဇန်နဝါရီ ၁၁

အလောင်းတော်ကဿပ အရှင်မြတ်အား (၃၆)ကြိမ်မြောက်ထမနဲဆွမ်းကပ်လှူပူဇော်ပွဲနှင့် ဖူးမြော်ခရီးစဉ်ကို အလောင်းတော် ကဿပဝန်ဆောင်အဖွဲ့နာယက ဆရာတော် ဦးသုမနစစ်ကိုင်းတိုင်းယင်းမာပင်မြို့နယ် ပုပ္ပားကျောင်း–ဖိုလ်ဝင်တောင်ကဦးဆောင်၍ (၁၃၆၅ ခုနှစ် တပို့တွဲလပြည့်နေ့)နံနက် အရုဏ်ထမနဲ ဆွမ်းကပ်လှူ ပူဇော်မည်ဖြစ်သည်။

လိုက်ပါလိုသောသူများနှင့် ကုသိုလ်ရှင်များသည် ဖိုလ်ဝင်တောင် ပုပ္ပားကျောင်း ဖုန်း–၀၂–၆၇၇၄၂သို့ ဖေဖော်ဝါရီ ၂ ရက် အရောက်လာကြရပါမည်။

ရန်ကုန်ခရီးစဉ်မှ ကုသိုလ်ရှင်များသည် ဦးမောင်မောင်ဌေး ဖုန်း–၂၂၆၀၂၄တို့သို့ ဇန်နဝါရီ ၂၄ရက်နောက်ဆုံးထား စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(၃၈၇)**

အမှတ် ၄၁၆ မဟာဗန္ဓုလလမ်းထောင့် ရန်ကုန်မြို့ ရာပြည့်စာအုပ်ဆိုင်မှ ထုတ်ဝေဖြန့်ချိလိုက်သည့် အရှင်ကောဏ္ဍည (သာသနာ့တက္ကသိုလ်)၏ မွေ့ဖြင့် ဘဝကို မွမ်းမံတည်ဆောက်ခြင်း စာအုပ်မျက်နှာဖုံး။

(က–ပ)

ရခိုင်သဟာယအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

အသင်းနှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ထူးချွန်ဆုပေးပွဲကို ဇန်နဝါရီ၁၇ရက်(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ပြုလုပ်မည်ဖြစ်သည်။ ၂၀၀၃ ခုနှစ် ဒီဇင်ဘာ ၃၁ရက်တွင် (၇၅)နှစ်ပြည့် အသင်းဝင်များ၊ ၂၀၀၃ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးရအသင်းဝင်များ၏ သားသမီး၊ မြေးများနှင့် အမျိုးသားစာပေဆု၊ နိုင်ငံတကာ အားကစားပြိုင်ပွဲတွင် ဆုရအသင်းသူ အသင်းသားများ အထောက်အထား တင်ပြပြီး ဇန်နဝါရီ ၁၄ရက် နောက်ဆုံးထား၍ ဦးကျော်ဇံလှ ဖုန်း–၅၅၆၂၂၁နှင့် ဦးရွှေလှဖြူ ဖုန်း–၆၆၂၃၇၁ တို့သို့ အမည်စာရင်းပေးပို့ကြရန် နှိုးဆော်ထားသည်။

(က–ပ)

ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းများ ထူထောင်ရေး မြို့နယ်အဆင့် နည်းပြများဆင့်ပွားသင်တန်းဖွင့်ပွဲနှင့် ကျောင်းကျန်းမာရေး စံပြကျောင်းများ ဆုပေးပွဲကို ပုဇွန်တောင် အထက(၂)ခန်းမ၌ ဇန်နဝါရီ ၈ ရက်ကကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ချို က အထကအဆင့် ငွေဖလားဆုကို အထက(၄) ကျောင်းအုပ်ကြီးထံ ပေးအပ်ချီးမြှင့်စဉ်။ **(၃၅၂)**

သိက္ခာထပ် ရဟန်းခံ၊ သီလရှင်ဝတ်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်း ထန်းတပင်မြို့နယ် မဲပလီကျေးရွာအုပ်စု အောင်သိဒ္ဓိကျောင်းတိုက် မိုးကုတ်ရိပ်သာအဖွဲ့ခွဲ အမှတ် (၁၀၂) အတွင်း၌ နှစ်စဉ်ကျင်းပသော သိက္ခာထပ်၊ ရဟန်းခံ သီလရှင်ဝတ်ပွဲကို (တပို့တွဲလဆန်း ၄ ရက်) ဇန်နဝါရီ ၂၅ရက်တွင် ပြုလုပ်မည်ဖြစ်ရာ မရမ်းကုန်းမြို့နယ် ကျောက်ရေတွင်း သာသနာ့အောင်မြေကျောင်း စာချဆရာတော် ဦးသီလာစာရကို သိက္ခာထပ်၍ ဒုလ္လဘရဟန်းခံလိုသူ၊သီလရှင်ဝတ်လိုသူ ဓမ္မမိတ်ဆွေများအတွက် ဦးဖိုးလုံး–ဒေါ်ထွေးကြည် တရုတ်စုကျေးရွာက သင်္ကန်းပရိက္ခရာများ လှူဒါန်းမည်ဖြစ်ရာ စိတ်ပါဝင်စားသူအားလုံး မဲပလီကျေးရွာ အောင်သိဒ္ဓိကျောင်းသို့ ကြိုတင်စာရင်းပေးသွင်းနိုင်ရန် အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။

(က–ပ)

ဇန်နဝါရီ ၃ ရက်က အင်းစိန် အ ထ က (၁) ကျောင်း သား စုံညီပွဲတော် နှင့် ပညာရည်ချွန်ဆု ချီးမြှင့်ပွဲ အခမ်းအနားကို ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦး အောင် ကြည် က အဋ္ဌမတန်း ဘာသာစုံပထမ၊ ကျောင်းလုပ်ငန်း ပထမ၊ မြို့နယ်ဘက်စုံ ဒုတိယနှင့် မြို့နယ်ဘာသာစုံ ဒုတိယဆု အပါအဝင် ထူးချွန်ဆု ၁၅ ဆုရ မောင်ဝေယံပိုင်အား ဆုချီးမြှင့်စဉ်။ **(၀၄၆)**

(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် သဃ်္ဃန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲဆုပေးပွဲကိုဇန်နဝါရီ ၄ရက်က မြို့နယ်ရုံးဝင်း၌ ကျင်းပရာမြို့နယ်ဥက္ကဋ္ဌဦးနေဝင်းက ပထမရွှေတံဆိပ်ဆုရရသုဝဏ္ဏ(၂၉)ရပ်ကွက်အသင်းအား ဆုချီးမြှင့်စဉ်။ **(၀၅၂)**

သံလွင်သဘော်ထွက်ခွာမည်

ရန်ကုန် ဇန်နဝါရီ ၁၁

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်းပိုင် သံလွင်သဘော် ခရီးစဉ်အမှတ် (၉၅)သည် ရန်ကုန်မှ မော်လမြိုင်၊မြိတ်၊ ကော့သောင်း ဆိပ်ကမ်းမြို့များသို့ ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခွဲတွင် ထွက်ခွာရန် စီစဉ်ထားသည်။

ဆက်သွယ်မေးမြန်းနိုင်

ရန်ကုန်မှ မော်လမြိုင်၊မြိတ်၊ ကော့သောင်းခရီးစဉ်ဖြင့် လိုက်ပါလိုသည့် ခရီးသည်များသည် ခရီးသည်လက်မှတ်များကို ဇန်နဝါရီ ၈ ရက်မှစ၍ မြန်မာ့ကြယ်ငါးပွင့်သဘော်လုပ်ငန်း သာကေတဆိပ်ခံတံတား ရှုခင်းသာလမ်း သာကေတမြို့နယ်၌ စတင်ရောင်းချနေပြီဖြစ်သည်။ အသေးစိတ်သိရှိလိုပါက ဖုန်း–၅၄၃၂၁၀၊ ၅၄၃၂၁၁၊ ၅၄၃၂၁၂၊ ၅၄၄၅၆၃၊ ၅၄၄၅၇၁ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကလျာမဂ္ဂဇင်းထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၁

ဒေါက်တာသန်းထွန်း၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ ချစ်နိုင် (စိတ်ပညာ)၊ ယုဝတီခင်ဦး၊ သုမောင်စသော စာရေးဆရာများပါဝင်ရေးသားသည့်၂၀၀၄ခုနှစ် ဖေဖော်ဝါရီလထုတ်ကလျာမဂ္ဂဇင်းကို အမှတ် ၁၅၂ ကျွန်းရွှေမြိုင်လမ်း သုဝဏ္ဏ ရန်ကုန်မြို့ ဖုန်း– ၅၇၉၉၂၀ က ထုတ်ဝေဖြန့်ချိကြောင်းသိရသည်။

(အောက်ပုံ) (က–ပ)

ရေခဲသေတ္တာ၊ လေအေးပေးစက်နှင့် အအေးခန်း စနစ်သင်တန်းများဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၁

၁၉၉၀ပြည့်နှစ်မှစ၍ တည်ထောင်ခဲ့သော Excellent Electrical Engineering Group မှ Airconditioning Refrigeration Automobile Aircondition System များတွင်ပါဝင်သည့် စက်အစိတ်အပိုင်းများ အလုပ်လုပ်ပုံ၊ ပြုပြင်ထိန်းသိမ်းပုံများကို လျှပ်စစ်အခြေခံမှစ၍ စာတွေ့လက်တွေ့ တစ်ဦးချင်းစီသင်ကြားပေးမည့် ကျွမ်းကျင်သင်တန်းများကို ပုံမှန်ဖွင့်လှစ်နေပြီ ဖြစ်သည်။

အဆိုပါသင်တန်းများတွင်ပြည်တွင်းပြည်ပအအေးခန်းကျွမ်းကျင်ပညာရှင်အဖြစ်နှစ်ပေါင်း၂၀ခန့် အတွေ့အကြုံရှိ ဆရာဦးဇော်ဟိတ်နှင့်ကျွမ်းကျင်အင်ဂျင်နီယာပညာရှင်များက တာဝန်ယူအာမခံသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းများကို ဇန်နဝါရီ၁၅ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

စိတ်ဝင်စားသူများ Excellent Electrical Engineering Group အမှတ်၆၅ မြေညီထပ် ရေကျော်လမ်းမကြီး (Y.M.B.A)အနီး ပုဇွန်တောင်မြို့နယ် ဖုန်း–၂၀၂၂၀၈ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြို့နယ်အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများအားစွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသောရပ်ကွက်ဥက္ကဋ္ဌများနှင့် အသင်းအဖွဲ့ဝင်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်ခန်းမ၌ ပြုလုပ်ရာ ကမာကဆစ်ကူးတို့သမအသင်း လီမိတက် ဥက္ကဋ္ဌ နာရေးကူညီထောက်ပံ့မှုအသင်းဥက္ကဋ္ဌ ဦးကျော်ဝင်းအား မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်အောင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ **(၂၅၉)**

ဇန်နဝါရီ ၃ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အမက(၅) ပညာရေးစုံညီပွဲတော်နှင့် ပညာရည် ချွန်ဆုပေးပွဲတွင် ကျောင်းအုပ် ဆရာမကြီး ဒေါ်ထားထားနွယ်က သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ထူးချွန်ဆုရကျောင်းသူ မဆုလင်းနိုင်အား ချီးမြှင့်စဉ်။

(က–ပ)

ကွန်ပျူတာသင်တန်းများ ဖွင့်လှစ်ပို့ချမည်

ရန်ကုန် ဇန်နဝါရီ ၁၁

Singa Training Ltd နှင့် Singapore Informatics Holding Limited တို့ ပူးပေါင်းဖွင့်လှစ်ထားသော မြေနီကုန်းပလာဇာဒုတိယထပ်ရှိ Informatics International Computer Training Centre တွင်ကွန်ပျူတာအခြေခံမှစ၍ အဆင့်မြင့်ဒီပလိုမာသင်တန်းများကို ပို့ချပေးလျက်ရှိပြီး ဇန်နဝါရီ ၁၈ ရက်မှစတင်၍ဖွင့်လှစ်မည်ဖြစ်သည်။သင်တန်းချိန်များကို စနေ၊ တနင်္ဂနွေနေ့များတွင် စီစဉ်ထားသည်။ အဆိုပါ သင်တန်းကို တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး သင်တန်းကာလမှာ ရှစ်လကြာမြင့်မည်ဖြစ်သည်။ အောင်မြင်ပြီးသူများသည် နိုင်ငံတကာအဆင့်မီဒီပလိုမာ ရရှိမည်ဖြစ်သည်။ Diploma အောင်ပြီးလျှင် Advanced Diploma သင်တန်းသို့ဆက်လက်တက်ရောက် နိုင်ပြီး Informatics မှ Advanced Diploma အောင်မြင်ပြီး သူများသည် Oversea University များသို့ Final Year ဆက်လက်တက်ရောက်နိုင်မည်ဖြစ်သည်။ ကွန်ပျူတာ တက္ကသိုလ် ပထမနှစ်တက်ရောက်မည့် ကျောင်းသား ကျောင်းသူများအတွက်ကိုလည်း Foundation Course များကို ဖွင့်လှစ်မည်ဖြစ်ရာ မြေနီကုန်းပလာဇာ ဒုတိယထပ်ရှိ ဖုန်း–၅၂၅၉၇၁၊၇၀၆၇၄၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က–ပ)**

သမဝါယမဝန်ကြီးဌာန

သမဝါယမကုန်သွယ်ရေးဦးစီးဌာန

ဆရာစံပလာဇာတွင် (၁၃-၁-၂၀၀၄ မှ ၁၉-၁-၂၀၀၄ ထိ) ကျင်းပမည့်

သမဝါယမထုတ်ကုန်ပြပွဲနှင့်အရောင်းပွဲတော် ၂၀၀၄ အားကြိုဆိုဂုဏ်ပြုလျက်

မြန်မာ့နဝရတ်

မျက်စိစောင့်ရှောက်မှုသမဝါယမအသင်းလီမိတက်

အမှတ် ၂၁၁၊ ရွှေဘုံသာလမ်း (အလယ်) ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

Tel : ၂၄၁၂၂၄၊ ၂၈၄၄၂၇ Fax : ၅၂၇၀၀၁

အပြည့်ဝဆုံးဝန်ဆောင်မှု၊ အထက်သန့်ဆုံးစေတနာ၊ အကောင်းဆုံးအမြင်စွမ်းအားသစ် အတွက်

"နဝရတ်မျက်မှန်"

ရှမ်းပြည်နယ်

တောင်ကြီးအေးသာယာစက်မှုဇုန်မှ

ထုတ်လုပ်သော

Aung Myin Shan Star Pickup

ရတနာမြေ

သဘာဝမြေဩဇာနှင့် မဟာမြေဓာတ်မြေဩဇာ

နှစ်မျိုးအား အမျိုးအစားလိုက်ဓါပြီးစပ်အသုံးပြုနည်းကို

သိရှိလိုပါက

စက်မှုလက်မှုသမဝါယမအသင်းစုချုပ်

အမှတ် ၈၉၊ ဗဟိုလမ်းမ၊ သခိုင်း(၂) ရပ်ကွက်၊မရမ်းကုန်းမြို့နယ်။

ဖုန်း - (၀၁)၆၆၄၅၉၉၊ ၆၆၂၀၁၆

ရွှေအိမ်စံ

ခန်းမနှင့် စားသောက်ဖွယ်ရာများ

- Dim Sum
- တရုတ်အစားအစာ
- မြန်မာ့ရိုးရာမုန့်များ
- ဥရောပအစားအစာ
- မြန်မာထမင်းဟင်း
- ကြော်ကိုး/ဆီချက်
- ရာသီပေါ်သစ်သီးဖျော်ရည်များ

ဆရာစံပလာဇာမြေညီထပ်

ဆရာစံလမ်းနှင့် ကဘ္ဘာအေးစေတီလမ်းသစ်ထောင့်

ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

Ph - 558530

Anawa Devi Fishing And General Trading Co-Operative Ltd.

[illegible] Red Coral Grouper [illegible]

(COLD STORAGE)
136(A) MYOEBHAT STREET, THINBAWGYIN WARD,
DAWBONE TOWNSHIP, YANGON.
TEL : 95-1-544543, 544548
Email : anawadevi@mptmail.net.mm

ဖျော်ဖြေရေးအစီအစဉ်

တစ်ကိုယ်တော်ဆိုဖျော်အစီအစဉ်

ဈေးကွက်မြှင့်တင်ကြော်ငြာသရုပ်ဖော်အစီအစဉ်

ကာရာအိုကေ သီဆိုဖျော်ဖြေမှု

ဆိုချင်ပျော်ချင်သူများ၏ သီချင်းဆိုပွဲ(ဆိုကြမယ် ပျော်ကြမယ်)

တင်မိုးလွင်ဦးစီးသော Talents & Models အဖွဲ့မှ

စံပြသရုပ်ဆောင် မောင်မယ်များ၏ သရုပ်ဖော် ကြော်ငြာမှုအစီအစဉ်။

သီဟသုခမ္ဗမဏိဇောတရေ ဘွဲ့တံဆိပ်ရ ဦးကင်းစိန်အတွက်

ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၀၄ခုနှစ် ဇန်နဝါရီလ ၄ရက် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၄)အရ သီဟသုခမ္ဗမဏိဇောတရေ ဘွဲ့တံဆိပ် ချီးမြှင့်ခံရသူ ဦးကင်းစိန် [တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ၊ တနင်္သာရီရေလုပ်ငန်းကုမ္ပဏီလီမိတက်နှင့် လုပ်ငန်းခွဲ ဒါရိုက်တာ၊ အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း (တနင်္သာရီ)လီမိတက်] အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဦးမောင်လှ	(ဥက္ကဋ္ဌ) အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်	ဦးသန်းစိုး	(M.D) Golden Panda Co., Ltd.
ဦးကျားမောင်	(M.D) တနင်္သာရီရေလုပ်ငန်း ကုမ္ပဏီလီမိတက်	ဦးဝင်းတင်	(M.D) မော်လမြိုင်ဟိုး(လ်)ဒင်းလီမိတက်
ဦးဘွန်ခင်	(M.D) အပြည်ပြည်ဆိုင်ရာရေလုပ်ငန်း(တနင်္သာရီ)လီမိတက်	ဦးသန်းနိုင်	(M.D) နိုင်နိုင်အောင်ကုမ္ပဏီလီမိတက်
ဦးကြံခင်း	(M.D) Myanmar Seafoods Ltd.	ဒေါက်တာအောင်လွင်	(M.D) ပြည့်ဖြိုးထွန်းကုမ္ပဏီလီမိတက်
ဦးကြည်လွင်	(M.D) Max Manufacturing Co., Ltd.	ဦးမြတ်အောင်	(M.D) ထူးထူးတိုးကုမ္ပဏီလီမိတက်
ဦးမျိုးမြင့်	(M.D) လင်းသစ်အောင်ကုမ္ပဏီ	ဦးညိုမင်း	(M.D) မင်းဇာနည်ကုမ္ပဏီလီမိတက်
ဦးတင်မောင်လတ်	(M.D) ဇဝရက် အအေးခန်းအင်ဂျင်နီယာလုပ်ငန်းကုမ္ပဏီ	ဦးခင်စိုး	(M.D) အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်

ဝမ်းမြောက်ဂုဏ်ပြုခြင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၀၄)ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ အပ်နှင်းလိုက်ရာ သီဟသုခမ္ဗမဏိဇောတရေ ဘွဲ့တံဆိပ်အပ်နှင်းခံရသူ ဂုဏ်ထူးဆောင် အသင်းသား ဦးကင်းစိန်၊ အမိန့်ကြော်ငြာအမှတ် (၂/၂၀၀၄)ဖြင့် စီမံထူးချွန် (ပထမဆင့်)ရ ဦးအုန်းသွင် (သံအမတ်ကြီး)၊ လူမှုထူးချွန်ဆု (ဒုတိယဆင့်)ရ ဦးလှသန်းတို့အား ဝမ်းမြောက်ဂုဏ်ပြုကြောင်းနှင့် အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုးလုပ်ဆောင်နိုင်ပါစေ ဟု ဆုမွန်ကောင်းတောင်းပါသည်။

နာယက၊ အမှုဆောင်အဖွဲ့၊ ပုလောမြို့နယ်အသင်း(ရန်ကုန်)။

ရောင်းမည်

လက်ရှိ အသုံးပြုလျက်ရှိသော မြေထိုးစက် Caterpillar (Dozer) D8-K တစ်စီး။

ဖုန်း ၀၁-၂၉၉၁၀၉၊
၀၁-၂၉၉၁၀၈၊
၀၁-၂၉၉၁၀၇၊
၀၉-၅၁-၀၄၂၉၆

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

လုပ်သားများကောလိပ် (၈၃/၈၄) မှုံဓား သင်တန်းသားနှင့် လုပ်သားများကောလိပ် မှုံဓား ကျောင်းသား ကျောင်းသူဟောင်းများ၏ လူမှုရေးပံ့ပိုးကူညီမှုအသင်း(၈၃/၈၄)၏ နာယကဖြစ်သူ ဆရာ ဦးအောင်ကြည်မြင့်အား ၂၀၀၄ခုနှစ် (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်မှ သီဟသုခမ္ဗမဏိဇောတရေ ဘွဲ့တံဆိပ်ချီးမြှင့်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆက်လက်၍ အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

(၈၃/၈၄) လုပ်သားများကောလိပ်
မှုံဓား ကျောင်းသား/ကျောင်းသူများ
လုပ်သားများကောလိပ် မှုံဓား ကျောင်းသား/ကျောင်းသူများ
လူမှုရေးပံ့ပိုးကူညီမှုအသင်း (၈၃/၈၄)

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ၁၉၆၆-၆၇-၆၈ ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ဆရာဝန်များ၏

ဆရာကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲ

ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ ၁၉၆၆-၆၇-၆၈ ခုနှစ်များတွင် ဘွဲ့ရရှိခဲ့ကြသော ဆရာဝန်များ၏ ဒုတိယအကြိမ် ဆရာကန်တော့ပွဲနှင့် မိတ်ဆုံ ညစာစားပွဲကို အောက်ပါ အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ - Traders Hotel (ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့)
အချိန် - ညနေ ၄:၀၀ နာရီတိတိ
နေ့ရက် - ၁၇-၁-၂၀၀၄ ရက် (စနေနေ့)

ဆက်သွယ်ရန် - ဒေါက်တာစောနိုင် ၀၁-၅၀၅၉၀၉
ပါမောက္ခ ဒေါက်တာဝင်းမော် ၀၁-၅၃၆၈၉၄
ဒေါက်တာဝင်းလှိုင် ၀၁-၇၂၇၆၄၄

လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ပြုခြင်း

မြန်မာနိုင်ငံသားလုံးဆိုင်ရာ ... ဦးတင်ဟန်(နည်းပြချုပ်)အား လူမှုထူးချွန်ဆု(ပထမဆင့်) ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုး လူမှုအကျိုးများဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးလှထွန်းမိသားစု(မြန်မာ)

ဦးမျှားဖြစ်

သစ်သီးမျိုး - ချောင်းရေညိုဖျိုး

(Imperial Fruit Group)

ဖုန်း - 01-690264, 09 69 71968

နယ်အရောင်းကိုယ်စားလှယ်လုပ်လိုသူများ ဖိတ်ခေါ်ခြင်း

[illegible]

ဝမ်းမြောက်ဂုဏ်ယူခြင်း

၂၀၀၄ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် နိုင်ငံတော်က ချီးမြှင့်သော စီမံထူးချွန်တံဆိပ် (တတိယဆင့်)ကို အထက(၂) ကမာရွတ်ကျောင်းအုပ်ကြီး ဒေါ်တင်အေးဆင့် ရရှိပါသဖြင့် ဝမ်းမြောက် ဂုဏ်ယူရပါကြောင်း။

အထက(၂)ကမာရွတ်
ဆရာ ဆရာမများနှင့် ဝန်ထမ်းများ
ကျောင်းသား ကျောင်းသူများ။

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း

အကြောင်းကြားစာ

အမွေဆက်ခံရန်သက်သေခံလက်မှတ်စာ အက်ဉပဒေပုဒ်မ-၃၇၃
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၀၃ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၁၇
ကွယ်လွန်သူ ဦးသန်း၌ကျန်ရှိရစ်သော ပစ္စည်းများအကြောင်း။

ဒေါ်ကြင်စိန်
အမှတ် ၂၂၊ ဝက်ဘာလမ်း၊ ငါးထပ်ကြီးအနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

လျှောက်ထားသူ

အထက်ဖော်ပြပါလိပ်စာနေ ဒေါ်ကြင်စိန်က ကွယ်လွန်သူဦးသန်း၏ ဇနီးဖြစ်သည့်ဟု၍ ဖော်ပြပါလိပ်စာနေ၄င်းကွယ်လွန်သူ ဦးသန်းမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများသူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးသန်းမှာကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူမှုသူမှုတို့သည် ဤရုံးသို့ ၂၀၀၄ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (၁၀နာရီ) ခုနှစ် တိုင်းတွင် ရက်တိုက်ကြ မည်အကြောင်း ကန့်ကွက်လိုသူများ လာရောက်ကြရမည်၊ ၄င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်ကြင်စိန်အား လျှောက်ထားချက်ကို နာကြား၍ လက်မှတ် ရသင့်မသင့်ကိုဆုံးဖြတ်မည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ဤရုံးတံဆိပ်ကိုခတ်၍ လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိုးသန့်
ခရိုင်တရားသူကြီး
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

အလွှာအရှင်မြတ်အမိန့်တော်ခံယူခြင်း

အာကိမာ(ခ)ဒေါ်ခင်လှ

(စစ်တွေ)

အသက်(၅၈)နှစ်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့နေ (ဦးစိန်ထွန်းအောင်-ဒေါ်မေ)တို့၏ သမီးကြီး၊ ရန်ကုန်မြို့၊ ထောက်ကြန့်မြို့နေ (ဦးရွှေဘော်)၏ဇနီး၊ မောင်ဆန်းရွှေ-မလှစန္ဒာ ကျော်၊ မောင်ထွန်းရွှေ၊ မောင်သန်းရွှေ-မစန္ဒီ၊ မမြတ်ရွှေစင် (Final Year Zoology)တို့၏မိခင်၊ ဦးကျော်ခင် (ဆလရ၊ ပြည်)၏ညီမ၊ ဒေါ်ခင်နုံ၊ ဒေါ်ခင်စော၊ ဒေါ်ခင်မေ (အထက-၃၊ စစ်တွေ)၊ ဒေါ်ခင်ဦး (မွေး/ညွှန် ဦးစီး ဌာန)၊ ဒေါ်ခင်ကြည် (မလပြ၊ ငြိမ်း)၊ ဦးကျော်စိန်၊ ဦးကျော်ဇံ(တပ်ကြပ်ကြီး-ငြိမ်း)၊ ဒေါ်ခင်သန်း(မလပြ၊ စစ်တွေ)၊ မခင်ထွေး၊ မခင်နှောင်းတို့၏ အစ်မကြီး၊ တူ တူမ ၂၃ယောက်တို့၏အဒေါ်၊ မြေး ကိုးယောက်တို့၏အဘွားသည် ၄-၁-၂၀၀၄ရက် နံနက် ၉:၁၅ နာရီတွင် အလွှာရှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၎င်း၏ အဆွေခံ့ရာဖမာစ်အပြီးတွင် ရေဆေး ဈာန်မှတ်လေ ကဘာ‌ဝ်‌စတန်၌ ဒါဖနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးစိန်မျိုးဝင်း(နိုးဒီ)

B.A (မြန်မာစာ) M.DIV

အသက်(၃၆)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံ၊ ဦးဝိစာရလမ်းသွယ်၊တိုက် ၁၀၄/၇ နေ (ဦးဘအေးဝင်း) - ဒေါ်အက်စတာလှိုင် တို့၏သား၊ ... ခြွေဝပ်ဖြစ်ဆုံးလေ၏ကိုယ်တော်ကြီး ... ခြင်းသို့ အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ၈-၁-၂၀၀၄ရက်(ကြာသပတေးနေ့)နံနက် ၉ နာရီတွင် အင်းစိန်ကမ္ဘာ့မာကောင်းကုန်းရှိ ဖုံးဒါဖြခြန်းမအေးဆောင်တွင် ဈာပန ဝတ်ပြုအခမ်းအနားကျင်းပပြီး ထိန်ပင် ခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်း သဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် က/၂၁၂၁ မော်တော်ယာဉ်အား ဒေါ်ရီရီမာ ၁၁/သတန(နိုင်) ၀၅၀၉၆၈ က ပိုင်ဆိုင်မှုလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ သတင်းစာတွင်ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန၊ ပြည်နယ်ရုံး(စစ်တွေ)



အထည်ချုပ်သုံး

၆လက်မ X ၆၄ လက်မ

စက္ကူများ

လိုသလောက်ရနိုင်ပါသည်။

မြသုဇာ

၅၃၈၈၇၄

ဖုန်း:- ၀၉ ၈၀ ၂၄၀၄၂

JOB VACANCY

For local service only, salary in Kyats

We require the following positions immediately.

1. Store Keeper	1 Post (M/F)
2. Quality Control	2 Post (F)
3. Production Exe. (For handbag)	1 Post (F)
4. Field officers	2 Post (M/F)

Qualification required for all applicants:

Age 25 or above, related university degree is preferable. Fluent in speaking and written English is REQUIRED. Minimum 2 years' working experience in related field.

Please submit application to the following address with one recent photo, C.V mentioning expected salary, labour registration card and contact phone number within two weeks. The only candidates those who are selected for interview will be informed.

Add: Home Floral Decor Ind Ltd.
No.212, Myin Wun U Aung Thu Rd,
Hlaing Tha Yar Ind. Zone(2), Yangon.

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်း၊ အာဇာနည်လမ်း၊ အမှတ် ၈၁ နေ
ဗိုလ်မှူးကြီးအောင်ကိုး (ငြိမ်း) (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ မြန်မာ့သိပ္ပံနှင့်
နည်းပညာသုတေသနဦးစီးဌာန)-ဒေါ်ယဉ်ယဉ်မေ
တို့၏သား

မောင်အောင်နိုင်ထွဋ် B.Sc (Maths.)

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးအေး(၃)လမ်း၊ အမှတ် ၈၆(က)နေ
ဦးဖေသန်း(လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ စက်မှု-၁)-ဒေါ်ရီရီခင်
တို့၏သမီး

မဇင်မာရီ B.Sc (Hons.), M.Sc (I.C)

တို့၏ ၃-၁-၂၀၀၄ ရက်တွင် Yuzana Garden Hotel၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ပေါ်ထွန်းနှင့်ဇနီး ဒေါ်မိမိသိန်း၊ မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးသော သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးဦးသောင်း၏ဇနီး ဒေါ်မေကြည်စိန်၊ စစ်ဘက်နယ်ဘက်မှ အရာရှိကြီးများနှင့်ဇနီးများ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့်ဇနီးများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ ၃၀-၁၂-၂၀၀၃ ရက် နံနက်ပိုင်းတွင် ရှေ့နေချုပ်ရုံး သံတမန်ခန်းမ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မင်္ဂလာ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးကြသော ဦးမင်းစိုး (ဥက္ကဋ္ဌ၊ ဒဂုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)၊ ဦးသန်းထွဋ် 2nd Mate (F.G) (S.R Shipping Co., Ltd.)၊ မင်္ဂလာဧည့်ခံပွဲတွင် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသိန်းလှမော်၊ မင်္ဂလာပန်းကြဲပေးသော သားငယ် မောင်သန်းကျော်ဝင်းနှင့် သမီးငယ် Weendy Ivan၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် လက်စွပ်ဗန်း ကိုင်ဆောင်ပေးသော မချိုကိုစံ၊ သတို့သား သတို့သမီး အရန်အဖြစ် ဆောင်ရွက်ပေးကြသော မောင်နေဇော်နှင့် မောင်လင်းထက်မော်၊ မဖြူမာဝင်းမြင့်နှင့် မဝင်းစန္ဒာ၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော ငြိမ်းငြိမ်းအိ၊ Aces တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင်နှင့်ပန်းအလှဆင် မှုဏ်းကို၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးသော မနန္ဒာ (သီတဂူ သစ်ခွခြံ)၊ မင်္ဂလာဝတ်စုံ မဇင်မာရီ(စိုးစိုး)၊ ဓာတ်ပုံ ဦးအောင်သန်းဟိန်း (ဥပဒေ)၊ ဗီဒီယိုအကိုင်း၊ မေတ္တာဖြင့် ဗီဒီယိုရိုက်ကူးပေးသော ကိုမောင်မောင်ထွေး (Heart Music Production)၊ မင်္ဂလာပွဲသို့ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဆောင်ပေးပို့ အသိအမှတ်ပြုကြသော ရပ်ဝေးရပ်နီးမှ အကြီးအကဲများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Yuzana Garden Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂-၁-၂၀၀၄ ရက်တွင် ဇောတိကာရုံစာသင်တိုက်၌ ပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးတွင် ကူညီပံ့ပိုးပေးကြသူများ၊ ၃-၁-၂၀၀၄ ရက်တွင်ကျင်းပသော မင်္ဂလာညစာစားပွဲတွင် ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော Panda Hotelမှ အန်ကယ် ဦးမောင်မောင်နှင့် မန်နေဂျာ၊ ဝန်ထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်နိုင်ထွဋ်-မဇင်မာရီ။

ကျွန်တော်-ကျွန်မတို့၏ မင်္ဂလာဧည့်ခံပွဲနှင့် မင်္ဂလာညစာစားပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပံ့ပိုးပေးကြသော ဦးဦး၊ ကိုကြီး၊ ကိုကြီး (Dr. Ivan)၊ ကိုကိုတူး၊ ဦးသိန်းရီ(ဆရာကြီး)၊ ကိုအောင်၊ မမစန်း၊ မမလင်း၊ မယု (Panda Hotel)၊ မမယဉ်၊ မမစိမ်း၊ မမမူ၊ နိုးနိုး၊ ကိုးကိုး၊ ပုပု၊ လဲ့မွန်၊ ကျင်ထွေး၊ တကူးတကလာရောက်ကူညီပေးသော ကံညွန့်တို့အား ကျေးဇူးတင်ရှိပါသည်။

မောင်အောင်နိုင်ထွဋ်-မဇင်မာရီ။

ဝန်ထမ်းအလိုရှိသည်

Waiter, Kitchen, Bartender, Promotion girl , Driver

Karin
Pub & Japanese Restaurant

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂ ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်လျက်ရှိသော မင်းဓမ္မလမ်းရှိ အထွေထွေသုံးစုဝေးခန်းမကြီးတွင် တပ်ဆင်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို မြန်မာကျပ်ငွေနှင့် ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	လေအေးပေးစက်စနစ်သုံးပစ္စည်းများ(Air-Conditioning and Ventilation Equipment)	3 Lots
၂	တံခါးမှန်၊ ရောင်ပြန်မှန်၊ မှန်ကြည်နှင့် အလူမီနီယမ်ပြား(4' x 4' Aluminium Cladding)	၄ မျိုး
၃	ရေနှင့်သန့်ရှင်းမှုဆိုင်ရာ သန့်စင်ခန်းသုံးပစ္စည်းများ	၅ မျိုး

ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၁-၁-၂၀၀၆ ရက်နေ့(၁၆:၀၀)နာရီအချိန်တွင် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသဖြင့် ပစ္စည်းပေးသွင်းရန် စိတ်ပါဝင်စားသူများအနေဖြင့် ဈေးနှုန်းတင်သွင်းလွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုနှင့် ဆက်သွယ်ဝယ်ယူတင်သွင်းနိုင်ပါကြောင်းနှင့် အသေးစိတ်သိလိုသော အချက်အလက်များရှိပါက ဖုန်း-၂၈၂၅၃၄၊ ၂၄၈၁၁၂ လိုင်းခွဲ (၂၃၅)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ (၁၄၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပပြုလုပ်မည်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယပွဲတော်ကို (၁၄၁)ကြိမ် မြောက်အဖြစ် မရမ်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ အောက်ပါအစီအစဉ်အတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

၁။ ၁၃၆၇ ခုနှစ် တပို့တွဲလဆုတ် ၅ ရက်မှ ၇ ရက်နေ့အထိ (၁၀-၂-၂၀၀၆ ရက်မှ ၁၂-၂-၂၀၀၆)ရက်ထိ သုံးရက်တိုင်တိုင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲ ကျင်းပပြုလုပ်ပါမည်။

၂။ ၁၃၆၇ ခုနှစ် တပို့တွဲလဆုတ် ၇ ရက် (၁၂-၂-၂၀၀၆)ရက် ညနေ (၅:၀၀)နာရီတွင် ပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပပါမည်။

၃။ ၁၃၆၇ ခုနှစ် တပို့တွဲလကွယ်နေ့ (၁၉-၂-၂၀၀၆)ရက် ညနေ (၄:၀၀) နာရီတွင် ပင့်သံဃာ အပါး ၂၀၀ တို့အား ဆွမ်းဆန်စိမ်းလောင်းလှူ၍ ပွဲတော်ပိတ်ပွဲကျင်းပပြုလုပ်ပါမည်။

(က) ပျော်ပွဲရွှင်ပွဲများကို (၁၂-၂-၂၀၀၆ ရက်မှ ၁၆-၂-၂၀၀၆) ရက်ထိ မိုးမင်းဓာတ်သဘင်ဖြင့်လည်းကောင်း၊

(ခ) (၁၇-၂-၂၀၀၆ ရက်မှ ၁၉-၂-၂၀၀၆)ရက်ထိ ရွှေမန်းဓာတ်သဘင် ဖြင့်လည်းကောင်း၊ ရုပ်ရှင်များဖြင့်လည်းကောင်း ကပြဖျော်ဖြေမည် ဖြစ်ပါသည်။

သို့ပါ၍ စေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ပါရန် နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့၊ ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး

အထက(၂)ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း)
ကျောင်းသား ကျောင်းသူဟောင်းများ၏

ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

အထက(၂) ကမာရွတ် (ယခင်စိန့်ဩဂတ်စတင်း) ကျောင်းတွင် ၁၉၅၈ ခုနှစ်မှ ၁၉၈၀ ပြည့်နှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော လုပ်သက် (၂၅) နှစ်နှင့်အထက် ဆရာ ဆရာမကြီးများ၊ ၂၀၀၃ ခုနှစ်တွင် အသက် (၆၀)ပြည့်ပြီးသော ဆရာ ဆရာမကြီးများနှင့် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ကြီးများအား ဆဋ္ဌမအကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို ဤကျောင်း၏တေဇခန်းမတွင် ၁၇-၁-၂၀၀၆ (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဒေါ်နီနီမာ (Dolly Myint Thein)	-	၇၂၁၁၂၃
ဦးစိုးမြင့်(Charles San Tun)	-	၅၃၂၆၇၆
ဦးပီတာဘသိန်း	-	၆၆၃၀၈၇
ဒေါ်နီလာခင်မြင့်	-	၅၄၈၁၇၃
ငြိမ်းချမ်းကျော်	-	၅၀၀၃၅၉

အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ။

အ-ထ-က(၂)လသာ ကျောင်းသူဟောင်းများအတွက် ဖိတ်ကြားလွှာ

အ-ထ-က(၂)လသာ၏ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ကန်တော့ခံဆရာမကြီးများအား သီးခြားလှူဒါန်းလိုသော ပစ္စည်းများကို ကြိုတင်ပေးပို့နိုင်ပါသည်။

ကျင်းပမည့်နေ့ရက် - (၁၇-၁-၂၀၀၆) စနေနေ့
ကျင်းပမည့်အချိန် - နံနက် (၉)နာရီ
ကျင်းပမည့်နေရာ - မြနီလာခန်းမ၊ အ-ထ-က(၂)လသာ

(သီးခြားဖိတ်စာမပို့ပါ)

အာသီသ - ဆရာမကြီးများ၏ ပျော်ရွှင်ပီတိကို မျှဝေခံစားရင်း ပူဇော်နိုင်ရန်အတွက် မပျက်မကွက် တက်ရောက်ကြပါရန်။

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(၁) Secretary

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။ တရုတ်ဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာစကား ရေးသားပြောဆိုနိုင်ပြီး ကွန်ပျူတာ Word,Excel ကျွမ်းကျင်သူဖြစ်ရမည်။

(၂) Sales Man (ကျား)

တက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိပြီး အသက် ၃၅ နှစ်အောက်၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး သုံးနှစ်ရှိ၍ သွက်လက်တက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်သူ ဦးစားပေးမည်။

(၃) Sales Promoter (မ)

၁၀တန်းအောင်ပြီး အသက် ၂၅ နှစ်အောက် ဖြစ်ရမည်။ ရုပ်ရည်သန့်ပြန့်ပြီး အပြောအဆို ပြေပြစ် ရည်မွန်ရမည်။

(၄) Driver (ကျား)

၁၀တန်းအောင်ပြီး "င"လိုင်စင်ရှိရမည်။ အသက် ၃၅နှစ်အောက်၊ ယာဉ်မောင်းကျွမ်းကျင်၍ ယာဉ်မောင်းသက်တမ်း အနည်းဆုံး ငါးနှစ်ရှိပြီး ကျန်းမာရေးကောင်းမွန်၍ နယ်ခရီးအတွေ့အကြုံရှိရမည်။ အကျင့်စာရိတ္တ ကောင်းမွန်ရမည်။

အထက်ပါရာထူးအတွက် လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်၊ ခြောက်လအတွင်းရိုက်ထားသော လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင် မိတ္တူ၊ ပညာအရည်အချင်းထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်၊ လိပ်စာအပြည့်အစုံရေးသား၍ No.520,7th Fl,Excel Treasure Tower,Kabaraye Pagoda Rd,Yangon. သို့ ကြော်ငြာပါသည့်နေ့မှ တစ်ပတ်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

ဝမ်းမြောက်ဂုဏ်ယူခြင်း

(Salai Ni Kung)

(B.Sc Maths)
Mai Ca Men Sung (B.A Hist, IDCS)
(1st year Eco)
(4th Std.)

အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သားနှင့် သမီးဖြစ်ကြသော မလှမြင့် ပီပီအင်-၀၀၂၄၇၅ နှင့် မောင်လှတင် ပီပီအင်-၀၀၂၄၇၇တို့သည် မိခင်ကြီး စိတ်ဆင်းရဲအောင် ပြုလုပ်နေ ခြင်းတို့ကြောင့် အမွေစားအမွေခံ သား သမီးများအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းတို့နှင့် ပတ်သက်၍ မည်သည့်ကိစ္စကိုမဆို တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဒေါ်စိန်အေး (ပီပီအင် ၀၀၂၄၇၄)၊ ရတနာလမ်း၊ ဖျာပုံမြို့။

EXCELLENT
ELECTRICAL ENGG GROUP

YMBA

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂
တောင်ကြီးခရိုင် တရားမရုံးတော်၌
၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ် ၅၉ နှင့်ဆက်သွယ်သည်။
၂၀၀၃ခုနှစ် တရားမဇာရီမှုအမှတ် ၂၆

မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့	**နှင့်**	၁။ ဦးညွန့်စိန် ၂။ ဒေါ်နှင်းနွယ်
(ဒီကရီအနိုင်ရသူ)		**(တရားရှုံး)**

အောင်ပန်းမြို့၊ လက်မပင်ရပ်ကွက်နေ ဦးညွန့်စိန်၊ ဒေါ်နှင်းနွယ် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၅၉ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကိုအတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁၅ရက် (၁၃၆၇ ခုနှစ် ပြာသိုလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၁နာရီအချိန်တွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၀၃ခုနှစ် နိုဝင်ဘာလ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်မြင့်စိန်
ဒုတိယခရိုင်တရားသူကြီး
တောင်ကြီးခရိုင်တရားရုံး(ရှမ်းပြည်နယ်)

တစ်လပြည့် လွမ်းဆွတ်သတိရခြင်း
မောင်သန်းထိုက်

ဒုတိယနှစ်(စီးပွားစီမံ)
ရတနာပုံ အဝေးသင်တက္ကသိုလ်၊ မန္တလေးမြို့
အသက်(၂၁)နှစ်

ချစ်သော သားသားကြီး ခရစ်တော်၌အိပ်ပျော်ခဲ့သည်မှာ ၁၀-၁-၂၀၀၆ ရက်တွင် တစ်လပြည့်ခဲ့သော်လည်း မိုးမိုး တစ်နေ့မှ မမေ့မရဖြစ်ပြီး ရင်ထဲမှာ ပူဆွေးဝမ်းနည်းမှုအပြည့် ခံစားနေရဆဲပါ သားသားရယ်၊ ကောင်းမှုကုသိုလ်ပြုလုပ်ပေးခြင်းအားဖြင့် "သားသား"အဖ ခမည်းတော် အနားမှာ အမြန်ဆုံးချဉ်းကပ်နိုင်ပါစေ။

ချစ်တဲ့မိုးမိုး
(မိသားစု)

ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)

B.A(Ygn)M.A(Journalism) (Minnesota,U.S.A)

ညွန်ကြားရေးမှူး(အငြိမ်းစား)စာပေဗိမာန်

မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)

အမျိုးသားစာပေဆုရှင်(၁၉၉၂)

တစ်သက်တာစာပေဆုရှင်(၁၉၉၆)

အရှေ့တောင်အာရှစာပေဆုရှင်(၂၀၀၁)

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)(၂၀၀၃)

အသက်(၈၇)နှစ်

စာတော်ဖတ်ဦးမောင်မောင်ကြွယ်–ယင်းမာချောင်း ခင်လေးတို့၏မြေး၊ မန္တလေးမြို့နေ(ဦးစံ–ဒေါ်ခင်ခင်တိုး)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ ဓီဇဝါဥယျာဉ်ခြံအမှတ်၈နေ ဒေါ်ခင်ခင်နွဲ့၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်မြ၊ (ဒေါ်ခင်ခင်ထား)၊ ဒေါ်ခင်ခင်အေး (ဦးဇံရင်)၊ (ဦးထွန်းမြင့်)–ဒေါ်ငွေးကြွယ်၊ ဒေါက်တာဒေါ်လှမြင့်–ဦးမောင်မောင်ကြိုင်တို့၏အစ်ကိုကြီးဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)သည် ၁၁–၁–၂၀၀၄ရက် နံနက် ၇ နာရီတွင် ကွယ်လွန်ပါ၍ ၁၃–၁–၂၀၀၄ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)

B.A(Ygn)M.A(Journalism) (Minnesota,U.S.A)

ညွန်ကြားရေးမှူး(အငြိမ်းစား)စာပေဗိမာန်

မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)

အမျိုးသားစာပေဆုရှင်(၁၉၉၂)

တစ်သက်တာစာပေဆုရှင်(၁၉၉၆)

အရှေ့တောင်အာရှစာပေဆုရှင်(၂၀၀၁)

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)(၂၀၀၃)

အသက်(၈၇)နှစ်

စာတော်ဖတ်ဦးမောင်မောင်ကြွယ်–ယင်းမာချောင်း ခင်လေးတို့၏မြေး၊ မန္တလေးမြို့နေ(ဦးစံ–ဒေါ်ခင်ခင်တိုး)တို့၏သား၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သံသုမာလမ်း၊ (၁၅)ရပ်ကွက်၊ ဓီဇဝါဥယျာဉ်ခြံအမှတ် ၈ နေ ဒေါ်ခင်ခင်နွဲ့၏ချစ်လှစွာသောခင်ပွန်း၊ (ဦးဝင်းမောင်–ဒေါ်လှရီ)၊ (ဦးတင်ထွဋ်–ဒေါ်မေတင်ထွဋ်)တို့၏ညီမောင်၊ Capt.ဦးအေးထွဋ်–ဒေါ်မြမြဝင်း၊ မသီဂီ (Myanmar Times)တို့၏ချစ်လှစွာသောဦးလေးသည် ၁၁–၁–၂၀၀၄ရက် နံနက်၇နာရီတွင် ကွယ်လွန်ပါ၍ ၁၃–၁–၂၀၀၄ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

ဦးထင်ကြီး (တက္ကသိုလ်ထင်ကြီး)

B.A(Ygn)M.A(Journalism) (Minnesota,U.S.A)

ညွန်ကြားရေးမှူး(အငြိမ်းစား)စာပေဗိမာန်

မြန်မာစာအဖွဲ့ဝင်(အချိန်ပြည့်)

အမျိုးသားစာပေဆုရှင်(၁၉၉၂)

တစ်သက်တာစာပေဆုရှင်(၁၉၉၆)

အရှေ့တောင်အာရှစာပေဆုရှင်(၂၀၀၁)

ဝိဇ္ဇာပညာထူးချွန်တံဆိပ်(ပထမဆင့်)(၂၀၀၃)

ဦးထင်ကြီး(တက္ကသိုလ်ထင်ကြီး)သည် ၁၁–၁–၂၀၀၄ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗဟိုအမှုဆောင်ကော်မတီ
မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ် ၂ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၂၉–၂၇၄ နေ ဗိုလ်သင်တန်း အပတ်စဉ်(၃၁)မှ ဒုတိယဗိုလ်မှူးကြီးတင်လှ(ငြိမ်း)၏ ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီခဲ့ကြသူများ၊ လိုက်ပါပို့ဆောင်ခဲ့ကြသူများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့် အားပေးစကားပြောကြားခဲ့ကြသူများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းများ၊ ကွယ်လွန်သူ၏ သူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်းဖော်ပြအပ်ပါသည်။

၁၃–၁–၂၀၀၄ ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

၃–၁–၂၀၀၄ရက်တွင် ကွယ်လွန်သွားခဲ့သော တပ်သားရာထောင်(အငြိမ်းစား)၏ ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းကူညီပေးခဲ့ကြသော ပဲခူးမြို့မှ သင်းအုပ်ဆရာနှင့် အသင်းသူအသင်းသားများ၊ သူငယ်ချင်းများ၊ အဘက်ဘက်မှ ကူညီပေးခဲ့ကြသောဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

တပ်သားရာထောင်း

(အငြိမ်းစား)

အသက်(၃၅)နှစ်

ကလေးမြို့၊ အောင်သစ္စာရပ်ကွက်၊ နယ်မြေ (၁၂)၊ အိမ်အမှတ် ၉၀ နေ (ဦးချန်ပိန်း) (လ/ထ မန်နေဂျာ၊ မြန်မာ့သစ်လုပ်ငန်း၊ငြိမ်း)–ဒေါ်ဒါရ်ကြွယ်တို့၏ သားကြီး၊ဆရာဦးခင်ညွန့်–ဒေါ်ငွေးငွေးမာတို့၏ သားတပည့်၊ ကျုံကျင်းထန် (2nd Year ,Chem)၊ မာန်ထောင်းနှင်း(Lucky၊ Home Economic)၊ ဗန်ကျုံးနှင် (Heaven ၊ 2nd Myanmar) တို့၏ အစ်ကိုကြီးသည် ပဲခူးမြို့၌ ၅–၁–၂၀၀၄ ရက်(တနင်္လာနေ့) တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးဆပ်ပါမည်

Great Asia Lion ၏ EL/ မြဝတီ/၃၈၃/၂၄–၁၁–၂၀၀၃ ရက်စွဲပါ ပို့ကုန်လိုင်စင် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

Great Asia Lion
ကုမ္ပဏီလီမိတက်။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့်ကုလားထိုင်များဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀ မှ ညနေ ၄:၃၀ နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်
ဖုန်း–၂၄၅၆၂၀၊ ၂၄၅၆၄၂

ဘုရား၊တန်ဆောင်း၊သိမ်၊ကျောင်း၊ရဟန်းဒါယကာ

ဦးထင် (လမုတန်းကြီး)

မူလတန်းကျောင်းအုပ်ဆရာကြီး(အငြိမ်းစား)

မော်ကွန်းဝင် တတိယဆင့်

အသက်(၉၈)နှစ်

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၂)ရပ်ကွက်၊ ကျောက်ပြားစက်လမ်း၊ အမှတ် ၃၅၂ နေ(ဦးသာဖေ–ဒေါ်ဖွားညွန့်) တို့၏သား၊ ဗိုလ်မှူးကြီးအောင်နိုင်(ငြိမ်း)–ဒေါ်လှိုင်မြင့်အေး၊ (ဦးတင်လှိုင်–ဒေါ်အမာ)၊ဦးမြစိုး–ဒေါ်သိန်းရွှေ၊ ဦးလှသိန်း–(ဒေါ်သိန်းငွေ)၊ဦးမြင့်စိုး–ဒေါ်မြမြ၊ ဦးသိန်းထွန်း–ဒေါ်အုန်းသန်း၊ ဦးအောင်သောင်း–ဒေါ်တင်ကြည်၊ ဒေါ်အေးမြင့်၊ ဦးကျင်စိုး–ဒေါ်သန်းစု(မြတ်လေးမူကြို)၊ ဗိုလ်မှူးစိုးမြင့်(ငြိမ်း) မြို့တော်စည်ပင်–ဒေါ်ညွန့်ညွန့်သန်းတို့၏ ဖခင်၊ မြေး ၃၃ယောက်၊ မြစ် ၂၂ယောက်၊ တီ တစ်ယောက်တို့၏အဘိုးသည် ၁၀–၁–၂၀၀၄ရက် ညနေ ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက် မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှကားများနံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်အုန်း

(ကျိုက်လတ်)

အသက်(၈၃)နှစ်

ကျိုက်လတ်မြို့၊ ဖလမ်းနေ (ဦးတင်ဦး–ဒေါ်အေး)တို့၏ သမီး၊ (ဦးစိန်)၏ဇနီး၊ ရန်ကုန်မြို့၊ အမှတ်၂၀၃၊မဥ္စူလမ်း၊အောင်သိဒ္ဓိနေ ဦးမြင့်–ဒေါ်စန်းတင်၊ ဦးလှမြင့်–ဒေါ်ရီတင်၊ ဦးသိန်းဇော်–ဒေါ်ညွန့်ညွန့်ရီ၊ ဦးသောင်းထွန်း–ဒေါ်မွန်မွန်ဦး၊ ဦးခင်ဝင်း(Eastwind,S'Pore)–ဒေါ်စန်းစန်း၊ ဦးဝင်းညွန့်–ဒေါ်ခင်မြင့်၊ (ဦးထွန်းအောင်ကျော်)–ဒေါ်ခင်ခင်အေးတို့၏ မိခင်၊ မြေး ၂၁ ယောက်၊ မြစ်သုံးယောက်တို့ ၏ ဘွားဘွားကြီးသည် ၈–၁–၂၀၀၄ ရက် (ကြာသပတေးနေ့) ည ၁၀:၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂–၁–၂၀၀၄ ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၄၅ နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဦးထင်ကျော် (ကိုပြုံး)

မိတ္ထီလာ

GEO-BCS

အသက်(၇၁)နှစ်

မိတ္ထီလာမြို့၊ လင်းဇင်းရပ်၊ အိမ်အမှတ်၂၄နေ ကန်ထရိုက်တာ (ဦးထွန်းအောင်–ဒေါ်စိန်ညွန့်)တို့၏ သား၊ ဒေါ်ခင်ပု၊ဒေါက်တာကျော်ဇင်(ပါမောက္ခချုပ်၊ ငြိမ်း၊ ရေဆင်း စိုက်ပျိုးရေးတက္ကသိုလ်)–ဒေါ်တင်တင်ခင် (ကျောင်းအုပ် ဆရာမကြီး၊ ငြိမ်း၊ အထက–၈၊ မန္တလေး)၊ ဦးမြင့်ဇင် (လဝက တိုင်းဦးစီးမှူး၊ ငြိမ်း)–ဒေါ်စောလှ၊ (ဦးထွန်းခိုင်၊ တိုင်းပညာရေးမှူး၊စစ်ဆေးရေး၊ ငြိမ်း)–ဒေါ်မြသောင်း(အထက်တန်းပြ၊ ငြိမ်း၊ အထက–၁၊ မိတ္ထီလာ)တို့၏ညီ၊ ဦးဇင်ဦး (A/Eလမ်းအထူးအဖွဲ့–၄၊ဆောက်လုပ်ရေး၊ ကျောင်းကုန်း)၊ ဦးထင်ကျော် (Chief Accountant၊ The Hotel@Tharabar Gate)၊ ဦးမြင့်ကျော် (Accountant၊ Sakura Resident)–ဒေါ်မြတ်သန္တာစိုး (Brunei Embassy)၊ ဒေါက်တာကျော်မြင့်ထွန်း(ဆေး–၁၊ရန်ကုန်)၊ မောင်ညီညီဇင်တို့၏ ဦးလေး၊ မရွှန်းလဲ့ဝေ၏ အဘိုးသည် ၉–၁–၂၀၀၄ရက် ညနေ၆နာရီတွင် မိတ္ထီလာမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၀၄ ရက်တွင် မိတ္ထီလာမြို့ မြင်တော်ကန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားအသိပေး အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Pa.Neng Suan Kham (Tomging)

အထက်တန်းစာရေး၊

ကျန်းမာရေးဦးစီး(ရုံးချုပ်)

စာပေးစာယူဌာနစိတ်

အသက်(၅၄)နှစ်

အမှတ် ၄၀၆၊ သူရိန်တိုက်၂၊ ဘုရင့်နောင်ဝန်ထမ်းအိမ်ရာ၊ လှိုင်မြို့နယ်နေ (Pu.Thang Go)–Pi Vung Ngaih Cing တို့၏တစ်ဦးတည်းသောသား၊ S/N Niang Ngaih Lun (လူမှုဖူလုံရေး၊အမရပူရ) – (Sia Hau Khan Lian)၊ S/M Dim Em Vung (ဆိပ်ကမ်းအာဏာပိုင်ဆေးခန်း သမတကမ်းခြေ)– (Pa.Gin Sian Thang)၊ S/N Dai En Niang–Rev.Zam Lam Thangတို့၏အစ်ကို၊ Lia Cing Lam Lun ၊ Lia Niang San Nuam ၊ Tg.Go Sian Piang ၊ Tg.Thang Pian Mung၊ Tg.Khai Muan Tuang (အထက–၄၊ မင်္ဂလာတောင်ညွန့်)တို့၏ ဖခင်၊ (Nu Man Do Ciin)၏ခင်ပွန်းသည် ၁၁–၁–၂၀၀၄ရက်နံနက် ၅:၃၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃–၁–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ ဝတ်ပြုကိုးကွယ်ပြီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကားများနေအိမ်နှင့် E.B.C ဘုရားကျောင်း၊ ကုန်သည်လမ်း၊ ၂၆လမ်းထောင့်၊ မောန္တေလဘုရား ကျောင်းရှေ့များမှ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူခြင်း

ဒေါ်နူရ်အာရှား

ကျောက်တော်

အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗညားဒလလမ်း၊ ယခင်နေ အမှတ် ၁၆၀၊ ဦး အူမော်မီယာ၏ ဇနီး၊ ဦးဘစိန်(လယ်/ပြ၊ငြိမ်း)၊ (ဦးမောင်သိန်း)အခွန်ဦးစီးမှူး(ငြိမ်း)၊ဦးအောင်သိန်း(မှူ/ပြ)၊(ဦးကျော်သိန်း)၊ဦးစိုးပိုင်၊ဦးဘရွှေ (တပ်မတော်–ရေ) – ဒေါ်မြသိန်းဝေ၊ (ဦးသိန်းအောင်)၊ဦးရွှေသိန်း(ကန်ထရိုက်တာ)–ဒေါ်လှလှဝင်း၊ ဦးလှကျော်–ဒေါ်ညိုညို၊ ဦးအေးထွန်း–ဒေါ်ခင်ခင်လှတို့၏ မိခင်၊ မြေး ၂၂ ယောက်၊ မြစ်ရစ်ယောက်တို့၏ အဘွားသည် ၉–၁–၂၀၀၄ ရက် နံနက် ၄:၄၅ နာရီတွင် အလ္လာဟ်ရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၉–၁–၂၀၀၄ရက် ဂျူမာနာမာဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ပုလောမြို့နယ်အသင်း

(ရန်ကုန်)

ဦးမျိုးသန်း

ကျန်းမာရေးဦးစီးဌာန၊ ပုလော

အသင်းဝင်အမှတ်(၁၁၃၈)

အသက်(၄၄)နှစ်

ပုလောမြို့နယ်၊ ဂျက္ကာရွာနေ (ဦးသက်ဟို)–ဒေါ်သောင်းကြည်တို့၏ သား၊ ဒေါ်အုံးမြ ၏ခင်ပွန်းဦးမျိုးသန်းသည် ၉–၁–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၁–၁–၂၀၀၄ ရက် မွန်းတည့် ၁၂နာရီတွင် ဂျက္ကာရွာနေအိမ်မှ ဂျက္ကာရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့။

ခရစ်တော်၌အိပ်ပျော်ခြင်း

Lia Neam Za Pau (Neam Pi)

အသက်(၂၄)နှစ်

ချင်းပြည်နယ်၊ ထုတ်လိုင်ရွာနေ (Pa Hang Ko Tint) (မန်နေဂျာ၊မြို့နယ်စိုက်ပျိုးရေး လုပ်ငန်း၊ငြိမ်း)–Nu Vung Khan Dimတို့၏ ဒုတိယသမီး၊ Dim Lun Mang ၏ညီမ၊ Lia Pum Ciang(Pui Pui), Tg Vum Lun Mung(မုံမုံ)၊ Lia Mang Saan Nuam, Tg Pau Lian Thang (လျှန်လျှန်)တို့၏အစ်မ၊ ဗိုလ်မှူးကြီး ငိုကျင်ပေါ်(ငြိမ်း)၏တူမသည် ၁၀–၁–၂၀၀၄ရက်နံနက်၁၀နာရီတွင် တိုက် ၁၁၊ အခန်း ၁၀၁၊ ၁၄လမ်း၊ ယုဇနဥယျာဉ်မြို့တော်နေအိမ်၌ ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၃–၁–၂၀၀၄ ရက်(အင်္ဂါနေ့) နံနက်၁၁နာရီတွင် အမှတ်၁၅၂၊ ဗိုလ်မြတ်ထွန်းလမ်း၊ စီးယင်းနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ဝတ်ပြုကိုးကွယ်ပြီး ရေဝေးခရစ်ယာန်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
တန်ဆောင်း ဒါယကာကြီး

ဦးဖိုးခွေး (သနပ်ပြင်)

အသက်(၈၀)

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ သနပ်ပြင်ကျေးရွာနေ ဦးဘိုးဦး–ဒေါ်မိုးတို့၏သား၊ ဦးစံပ–ဒေါ်လှတင်တို့၏ သားသမက်၊ ဒေါ်ပွေး၏ခင်ပွန်း၊ ဦးချစ်ခဲ–ဒေါ်နီတို့၏အစ်ကို၊ ဦးချစ်ဆွေ–ဒေါ်ပန်းရီ၊ ဦးလှထွန်း–ဒေါ်တုတ်၊ ဦးချစ်ဟန်–ဒေါ်ကြည်ကြည်မာ၊ ဦးဝင်းဆွေ–ဒေါ်အေးမြင့်၊ မနွဲ့ရီ၊ ကိုနိုင်ဝင်းအောင်–မပြုံးကြည်၊ ကိုစိုးနိုင်–မသီသီနွယ်၊ ကိုကျော်နိုင်–မဝါဝါခင်တို့၏ဖခင်၊ မြေး ၁၈ယောက်၊မြစ်ခုနစ်ယောက်တို့၏အဘိုးသည် ၁၀–၁–၂၀၀၄ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၄–၁–၂၀၀၄ရက် (ဗုဒ္ဓဟူး နေ့)မွန်းလွဲ၁နာရီတွင် နေအိမ်မှ သနပ်ပြင်သုသာန်သို့ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊
တန်ဆောင်း ဒါယကာကြီး

ဦးဖိုးခွေး (သနပ်ပြင်)

အသက်(၈၀)

ကိုရဲထွဋ်–မမြင့်မြင့်စိုး၊ ကိုကျင်ဟုတ်–မသန်းသန်းငွေ၊ ကိုမြတ်ဝဏ္ဏ–မဆွေဆွေသန်း၊ ကိုအောင်လွင်–မငွေးစီ၊ ကိုကျော်မိုး–မနွယ်နွယ်ဦး၊ ကိုအောင်ဇင်–မဖြူဝင်း၊ ကိုဟန်ဝင်းဇော်၊ ကိုကျော်ထူး–မသန်းသန်းဦး၊ ကိုမျိုးမင်းလှိုင်–မတင်မာလွင်၊ မအိအိထွန်း၊ မစုစုထွန်း၊ ကိုကျော်ဇင်မိုး၊မသန္တာ၊ကိုခင်မောင်မြင့်၊ မသွယ်သွယ်မိုး၊ ကိုအောင်ဇော်–မမာမာဆွေ၊ ကိုဟန်ဝင်းအောင်၊ မအေးအေးနွယ်၊ မကေသီခိုင်(ခ)မုံမုံ၊ မအိဆွေဇင်ခိုင်(သုံသုံ)၊ မယမုံသီတာခင်၊ မောင်ရဲရင့်အောင်၊ မောင်ဥက္ကာဇော်အောင်၊ မရွှေပိုး၃၊ အုဝဲတို့၏အဘိုးသည် ၁၀–၁–၂၀၀၄ရက်(စနေနေ့)တွင်ကွယ်လွန်သွားပါ၍ ၁၄–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ၁နာရီတွင် နေအိမ်မှ သနပ်ပြင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဦးအေးသာ(ခ) Arthur Lao

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မင်းကြီးလမ်း၊အမှတ် ၂၇၈နေ(ဦးထင်စိန်–ဒေါ်သောင်းတင်)တို့၏ သား၊ (ဦးဝင်းဖေ–ဒေါ်မြသောင်း) –ဒေါ်ရှုမေ (ဦးယောန)–ဒေါ်ခင်မေကျော့၊ ဦးပါစီလောင်း–ဒေါ်နုနုရီ၊ (ဒေါက်တာဦး Georgeဝင်းမောင်)–ဒေါက်တာဒေါ်ခင်လှသိန်း၊ ဦးငွေထွန်း–ဒေါ်မြမြရီတို့၏ ညီမောင်၊ (ဦးဝင်းနိုင်)– ဒေါ်တင်တင်ရီတို့၏အစ်ကိုဖြစ်သူသည် ၁၀–၁–၂၀၀၄ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၁၂–၁–၂၀၀၄ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ထိန်ပင်သုသာန်ခန်းမ(၁)တွင် ဝတ်ပြုကိုးကွယ်ပြီး ထိန်ပင်ခရစ်ယာန် သုသာန်၌ သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးစံလှိုင်

အသက်(၆၄)နှစ်

ပဲခူးတိုင်း၊ ပဲခူးမြို့၊ ပေပင်ချောင်းကျေးရွာနေ (ဦးစုရ–ဒေါ်မြနှစ်) တို့၏သား၊ (ဦးလှဝ) – ဒေါ်ခွေးမတို့၏ သားသမက်၊ခြံအမှတ်(၁/၁၂)၊ ဘုတာရုံလမ်း၊ ဘောက်ထော်နေ (ဒေါ်တီ)၏ ခင်ပွန်း၊ (ဦးမြမောင်–ဒေါ်အေးအေးလှိုင်)၊ ဦးသာအောင်–(ဒေါ်သန်းရီ)၊ (ဦးမောင်မြိုင်) – ဒေါ်ညို၊ ဦးသိန်းမြင့်–ဒေါ်စိန်မြ၊ ဦးမောင်မောင်အေး– ဒေါ်ငွေးငွေး၊ဒေါ်ခင်မာဝင်းတို့၏ အစ်ကို/မောင်၊ ဦးတင့်နိုင်–ဒေါ်ကေတီ၊ ဦးတင်မျိုး–ဒေါ်စန်းရင်၊ ဦးတင်လှိုင်– ဒေါ်ငွေးငွေးအောင်၊ ဦးဝင်းမြင့်–ဒေါ်အေးအေးစံတို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည်၁၀–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ(၁:၀၅)နာရီတွင် ကွယ်လွန်သွားပါသဖြင့်၁၄–၁–၂၀၀၄ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ဦးစန္ဒိမာ

သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၃၄)ဝါ

ပဲခူးတိုင်း(အနောက်ပိုင်း)၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ စံရွှေးတန်းလမ်း၊ ဘောလုံးကွင်းကျောင်းတိုက်၏ ဦးစီးပဓာနနာယက မဂ္ဂင်ဓမ္မရိပ်သာကြီး၏ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးစန္ဒိမာသည် ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၄ရက်(၁၀–၁–၂၀၀၄)ရက် စနေနေ့ မွန်းလွဲ ၁:၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၅ခုနှစ် ပြာသိုလပြည့်ကျော် ၁၀ ရက်(၁၆–၁–၂၀၀၄)ရက် သောကြာနေ့ မွန်းလွဲ ၁ နာရီတွင် အန္တိမဈာပနသာဓုကီဠနပူဇာသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်ဒါယကာ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ
ဘောလုံးကွင်းကျောင်းတိုက်၊(သုံးဆယ်မြို့)။

ဦးကြည်ရွှေ (သုံးဆယ်)

B.Sc

နယ်ပိုင်ဝန်ထောက်

အထွေထွေအုပ်ချုပ်ရေးမှူး(ငြိမ်း)

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ ဘရဏီ ၁လမ်း၊ အမှတ် ၆၀(က)နေ (ဦးဖိုးထင်–ဒေါ်မယ်သီ)တို့၏သား၊ ဒေါ်ထွေးစိန်(ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ ဦးမင်းသန့်ဇင် (လ/ထကထိက၊ သစ်တောတက္ကသိုလ်၊ ရေဆင်း)–ဒေါ်မြတ်မျိုးမြင့်(လ/ထကထိက၊ ငြိမ်း၊ စိုက်/သိပ္ပံ၊ မြောင်းမြ)၊ ဒေါ်ဓာတုယဉ်(ယခင်အထက–၄၊ တ/ဥက္ကလာပ)၊ ဦးမင်းကြည်သန့်(လ/ထကထိက၊ YTU)–ဒေါ်ပြည့်ခိုင်မာဦး (ဒု–မြို့နယ်ဥပဒေအရာရှိ၊ တောင်ဒဂုံ)တို့၏ဖခင်၊ (ဦးကြည်ငွေ)၏အစ်ကို၊ ဒေါ်ခင်မြတ်မွန်၏ ဘကြီး၊ မောင်ကျော်ခေါင်သန့်ဇင်၊ မောင်မင်းရှင်းသန့်၊ မကေခိုင်သန့်ဇင်တို့၏ဘိုးဘိုးကြီးသည် ၁၀–၁–၂၀၀၄ ရက် (စနေနေ့) ည ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄–၁–၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဦးတင်ဦး

(မြောင်းမြ)

အသက်(၆၀)

မြောင်းမြမြို့၊ ကြာကန်မြို့သစ်နေ ဦးညွန့်စင်း–(ဒေါ်ပိုး)တို့၏သား၊ မြောက်ဥက္ကလာပမြို့နေ ဦးကံညွန့်–ဒေါ်သောင်းတို့၏သားသမက်၊ တောင်ဥက္ကလာပ (၉)ရပ်ကွက်၊ ကျော်သူ ၁၈ လမ်း၊ အမှတ် ၇၁၈နေ ဒေါ်ငြိမ်းငြိမ်း၏ခင်ပွန်း၊ ဦးကျော်သူရ(ငယ်/ယာ–၃)လျှပ်စစ်/ဆောက်လုပ်ရေး–ဒေါ်မိုးဥမ္မာဦး(ငယ်/ယာ–၃)မြို့ပြ/ဆောက်လုပ်ရေး၊ ဦးဝင်းအောင်မိုး–ဒေါ်နှင်းသန္တာဦး၊ ဦးအောင်မင်းဇော်(2/0)–ဒေါ်အေးစန္ဒာဦး၊ ဦးအောင်ဇေယျာဦး–ဒေါ်အေးအေးမြင့်၊ မဆောင်းဟေမာန်ဦးတို့၏ ဖခင်၊ ဒေါ်ခင်မြင့်၊ ဦးချစ်သန်–ဒေါ်ယဉ်မြင့်တို့၏မောင်၊ ဦးအေးကိုထွန်း–ဒေါ်ဝင်းမြင့်၊ ဦးခင်မောင်ဦး–ဒေါ်စန်းမြင့်၊ (ဦးသန်းလွင်)–ဒေါ်ယဉ်မြင့်တို့၏ အစ်ကိုသည် ၁၁–၁–၂၀၀၄ ရက် (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၃–၁–၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကိုတင်မောင်သန့်(ခ)ကိုဘိုဘို

B.Sc (Zoo) Hons.

အသက်(၃၅)နှစ်

ပခုက္ကူမြို့၊ (၁၅)ရပ်ကွက်၊ ၅လမ်း၊ အမှတ် ၈၀ နေ ဦးမောင်မောင်သန်း (ကုန်သွယ်ရေး၊ငြိမ်း)–ဒေါ်လှသန်းတို့၏ သား၊ မသူဇာမင်း(သူနာပြုဆရာမ၊ မြိတ်ပြည်သူ့ဆေးရုံ)၊ မမင်းမင်းသန့်(B.A Geography-Q)၊ မစန္ဒာမင်း(Final Year Physics)တို့၏အစ်ကိုကြီးသည် ၁၀–၁–၂၀၀၄ ရက် (စနေနေ့) ညနေ ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၁–၂၀၀၄ ရက် ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဗိုလ်မှူးသူရမြင့်လွင် (ငြိမ်း)

အထွေထွေမန်နေဂျာ(ငြိမ်း)

မြန်မာ့ကြံလုပ်ငန်း

အသက်(၆၂)နှစ်

သာယာဝတီမြို့နေ(ဦးထွန်းလင်း)–ဒေါ်စိန်သန်းတို့၏သား၊ စစ်တွေမြို့(ဦးစိန်ရွှေအောင်–ဒေါ်ဒါလှဦး)တို့၏ သားသမက်၊ ပုသိမ်မြို့၊ ရွှေဝတ်မှုံ(၂)လမ်း၊ အမှတ် ၃၃နေ ဒေါ်ခင်အေးမေလွင်၏ခင်ပွန်း၊ဒုရဲအုပ်ထွေတင်(အသည်ကြီးရဲစခန်း)–ဒေါ်ချိုလွင်ပပဦး၊ ဗိုလ်ကြီးသန့်လွင်အောင်–ဒေါ်ချိုလွင်ပပမာ (မြန်မာ့ကြံလုပ်ငန်း၊ ရုံးချုပ်)–ဦးရဲလွင်အောင်(မြန်မာ့သစ်လုပ်ငန်း၊ ရှောင်း/စက်)–ဒေါ်ကျော့ကျော့ဝင်း၊ ဒေါ်ချိုလွင်ပပမိုး(မြောင်းမြပညာရေးကောလိပ်)၊ ဗိုလ်ကြီးဇော်မင်းစိုး–ဒေါ်ချိုလွင်ပပတိုး၊ ဝိုင်းအုံချစ်၊စုပုံချစ်၊သဲတုံချစ်၊ သက်လုံးချစ်တို့၏ ဖခင်သည် ၁၀–၁–၂၀၀၄ရက် နံနက် ၆:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂:၃၀နာရီတွင် အထက်ပါနေအိမ်မှ သရောင်းချောင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

အရာခံဗိုလ်မြင့်အောင်

(အငြိမ်းစား)

အသက်(၇၇)နှစ်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ အမှတ်(၁) စစ်မှုထမ်းဟောင်း၊ စံပြရွာ၊ အိမ်အမှတ် ၄/၄/၉နေ ဒေါ်အေးချစ်(ကစလ၊ငြိမ်း)၏ခင်ပွန်းဦးတင်ဝင်း–ဒေါ်ခင်မာအေး(E.E.F)၊ ဦးဝင်းမောင်(E.E.F)–ဒေါ်ခင်မာလေး(ညိုညိုစာပေ)၊ တကမောင်မောင်အေး၊ (ဦးဝင်းကို)–ဒေါ်ခင်ဝင်း၊ ဦးမောင်မောင်လွင်–ဒေါ်ငွေးငွေးဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၁၀–၁–၂၀၀၄ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂–၁–၂၀၀၄ ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် လေးထောင့်ကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်သန်းသန်းအေး (Dora Htwe)

Radiation Technologist

(ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

(စိန့်ဂျွန်းကွန်ဗင့်ကျောင်းသူဟောင်း)

အသက်(၅၆)နှစ်

ပုသိမ်မြို့နေ (ဆရာဦးချစ်–ဆရာမဒေါ်ရွှေမ) တို့၏မြေး၊ အခန်း၆၊ ဆာဂျင်ကွာတာ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းနေ (ဦးတင်ထွေး၊ အငြိမ်းစားဌာနခွဲစာရေးကြီး၊ စီမံ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး–ဒေါ်အေးကျင်၊ အငြိမ်းစား၊ အင်စပက်တော်၊မြန်မာ့မီးရထားရုံးချုပ်)တို့၏သမီးကြီး၊ဒေါ်ခင်ခင်အေး(Teena)၊ ဦးသန်းထွန်း[Napoleon] (ဆာဂျင်၊ Y.G.H)၊ ဦးမောင်မောင်အေး[Tony] (သစ်တောဦးစီး)၊ ဒေါ်မမချစ်(အထက–၁၊လသာ)တို့၏မမကြီး၊ မနှင်းနှင်းထွေး၏ကြီးကြီးသည် ၁၀–၁–၂၀၀၄ ရက် (စနေနေ့)နံနက်၇နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၄–၁–၂၀၀၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက်၁၀:၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်၌ ဝတ်ပြုကိုးကွယ်ပြီး နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

● **ရှေ့ဖုံးမှ**

ခြေမြန်တပ်မဌာနချုပ်အသင်းများ အပါအဝင် ပြိုင်ပွဲဝင်အသင်း ၁၇ သင်းတို့မှ ဂေါက်သီးရိုက် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေ့ဦးစွာ ပြိုင်ပွဲဝင် ဂေါက်သီးရိုက် အားကစားသမားများသည် ၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ)ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် သတ်မှတ်နေရာအသီးသီး၌ နေရာယူကြသည်။

ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား မစတင်မီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ *စာမျက်နှာ ၈ ကော်လံ ၃* ●

၂၀၀၃-၂၀၀၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဂေါက်သီးရိုက်ပြိုင်ပွဲတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပါဝင်ကစားစဉ်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအဖြစ် အဆင့်ခုနစ်ဆင့်ဖြင့်ကူးပြောင်းမည့် နိုင်ငံတော်၏ရေရှည်ဆက်သွားမည့်မူဝါဒလမ်းစဉ်အောင်မြင်ရေး ကျရာကဏ္ဍမှပူးပေါင်းပါဝင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးသည့် နိုင်ငံတော်ကြီးဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်းရန်အချိန်ရောက်ပြီ

ရန်ကုန် ဇန်နဝါရီ ၁၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်ရောက်ရှိနေသော မြန်မာနိုင်ငံ ပညာရေးကော်မတီဒုတိယဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ဇန်နဝါရီ ၉ ရက် နံနက် ၈ နာရီတွင် ကျင်းပသည့် ကျိုင်းတုံမြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုစာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ချီးမြှင့်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ▼

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ရှားပါးရေမြင်းပု

ကမ္ဘာပေါ်တွင် မျိုးသုဉ်းပြီး ပျောက်ကွယ်လုနီးပါးဖြစ်နေသော ခုနစ်လသားအရွယ် ရေမြင်းပု ကလေးတစ်ကောင် ရေကူးနေသည်ကို တွေ့ရစဉ်။

(အောက်ပုံ)

ဇန်နဝါရီ ၁၀ ရက်က ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ယူအီနိုတိရစ္ဆာန်ဥယျာဉ်တွင် အများပြည်သူတို့ ကြည့်ရှုနိုင်ရန် ပထမဆုံး ပြသခြင်းဖြစ်ပြီး အဆိုပါ ရေမြင်းပုကလေးများကို အနောက်အာဖရိက တောနက်ကြီးများရှိ နွံအိုင်များနှင့် မြစ်ဖျားတစ်လျှောက်တွင် အကောင်ရေ အနည်းငယ်သာ တွေ့ရှိရတော့သည်။

(အမ်အင်အေ၊ရိုက်တာ)

သားပိုက်ကောင်ဝက်ဝံများ

သားပိုက်ကောင်ကဲ့သို့သော ကိုအာလာဝက်ဝံများကို ဩစတြေးလျနိုင်ငံ၌ အများအပြားတွေ့ရသည်။ **(အပေါ်ပုံ)** ယခုအခါ ဩစတြေးလျနိုင်ငံက ကိုအာလာဝက်ဝံများ တိုးပွားလာမှုကို လျှော့ချရန် စီစဉ်နေကြောင်း တောရိုင်းတိရစ္ဆာန် အရာရှိများက ပြောဆိုသည်။ မျိုးပွားနှုန်းလျှော့ချရန်အတွက် သန္ဓေတားဆေးများသုံး၍ စီစဉ်နေကြောင်း သိရသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ခေတ်မီ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီး ဖွင့်လှစ်ထားရှိမှု အခြေအနေကို တွေ့ရစဉ်။ **(သတင်းစဉ်)**

ယနေ့ထုတ်စောင်ရေ

၂၀၂၂၅၆

ဇန်နဝါရီ ၉ ရက်က တပ်ကုန်းမြို့နယ် သရက်တောအုပ်စု ပိုးစာတောကျေးရွာအနီး ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တူးဖော်တွေ့ရှိသည့် မြေအိုးခြမ်းပဲ့၊ ပျူပုတီးစေ့၊ ပုတီးတောင့်များနှင့် သံလက်နက်များပုံ။ **(ယဉ်ကျေးမှု)**